မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အာပီဆစ်ဝှဲချာချီဝ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တပ်မတော်စိုက်ပျိုးရေးသင်တန်းဆင်းပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါးသုတေသနသို့ ရောက်ရှိပြီး ဧည့်ကြိုခန်းမ၌ ပြသထားသည့် ပြကွက်အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက စပါးမျိုးများနှင့် အရည်အသွေးကောင်းမျိုးသန့်များ၏ အရည်အချင်း လက္ခဏာများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ကျင်းပ

ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့် အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ကိုးကန့်ဒေသ၌ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းသည် တိုင်းရင်းသားလူမျိုးများ၏ ရာဇဝင်သမိုင်းတွင် ထူးခြားသော ပြောင်းလဲမှုကြီးတစ်ရပ်အဖြစ် မော်ကွန်းတင်ကျန်ရစ် နိုင်ငံတော်တာဝန်များကို တပ်မတော်နှင့်ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ခွင့်ရရှိခဲ့ပြီဖြစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် စီအောဒေသ၌ ယနေ့နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

စီအောဒေသ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ခန့်အပ်တာဝန်ပေး

အဆိုပါ လောက်ကိုင်ခရိုင် စီအောဒေသ နယ်ခြားစောင့်တပ် ဖွင့်လှစ်သည့်နေရာ၌ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာခံဌာန်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူး အဆင့်တံဆိပ်များ တပ်ဆင်ကာ ခန့်အပ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီမှ ဦးပယ်စောက်ချိန်တို့က အမှာစကား အသီးသီးပြောကြားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်)

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်

နိုင်ငံတော်အစိုးရသည် လူမှုရေးဦးတည်ချက်တွင်ပါရှိသည့် ''အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး'' ဟူသည့် ဦးတည်ချက်အရ နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တူးဖော်၍ သုတေသနပြုပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ယင်းသို့ သုတေသနပြုရာ၌ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်းကို ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၁၉ရက်မှ အောက်တိုဘာ၂၄ရက်အထိ တူးဖော်သုတေသနပြုခဲ့သည်။

ပင်လယ်မြို့ဟောင်း၏ အရှေ့မြို့ရိုးအပြင်ဘက် ကိုက် ၂၀၀ခန့်အကွာတွင်ရှိသည့် ကုန်းအမှတ် (၁၆)နှင့် (၁၇)တို့ကို သုတေသနပြုရာတွင် ကုန်းအမှတ်(၁၆)မှ ထွက်ပေါ်လာသော အဆောက်အအုံပန္နက်ပုံစံသည် ပျူမြို့တော်များ၌ တူးဖော်တွေ့ရလေ့ရှိသောပုံစံနှင့် ပင်လယ်မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၇၊ ၈၊ ၁၄၊ ၁၅)တို့နှင့် ပန္နက်ပုံချင်းတူညီသဖြင့် ကိုးကွယ်မှုဆိုင်ရာ ဗုဒ္ဓဘာသာအဆောက်အအုံဖြစ်နိုင်ကြောင်း တွေ့ရသည်။ အဆောက်အအုံ၏ တည်ဆောက်မှုပုံသဏ္ဌာန်မှာ ရိုးရှင်းပြီး အခြားပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းတို့၏ တည်ဆောက်မှုနှင့် တူညီသည်။

ဆောက်လုပ်မှုပုံသဏ္ဌာန်သည် မြေပေါ်တွင် ပန္နက်ချပြီး အုတ်ရိုးထုထည်ကြီးမားခိုင်ခံ့မှုကို အသားပေးထားသဖြင့် မြေတင်ပန္နက်ဖြင့်သာ တည်ဆောက်မှုစနစ်ကို သုံးစွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ကြေမွပျက်စီးနေသော အရိုးအိုးသုံးလုံးနှင့် သံမယ်နတစ်ချောင်း တွေ့ရှိရသည်။

ကုန်းအမှတ်(၁၇)၏ အဆောက်အအုံပုံသဏ္ဌာန်မှာ စတုရန်းပုံပန္နက်ဖြစ်သည်။ အဆောက်အအုံသည် အရှေ့အနောက်ကို ဦးစားပေးဆောက်လုပ်ထားသည့် ပုံသဏ္ဌာန်ဖြစ်ပြီး အနောက်ဘက်တွင် ငါးပေသုံးလက်မကျယ်သည့် လှေကားထစ်နှစ်ဆင့်ပါသည့် ဝင်ပေါက်တစ်ခုပါရှိပြီး အုတ်တိုက်တစ်ခု ပုံသဏ္ဌာန်ရှိ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်တန်းနေသည်ကို ထူးခြားစွာ လေ့လာတွေ့ရှိရသည်။

အဆောက်အအုံမှ အရိုးအိုး၊ ပျူခေတ်သုံးငွေဒင်္ဂါးနှင့် ပျူခေတ်ပုတီးစေ့တို့ကို တူးဖော်ရရှိပြီး အဆောက်အအုံသည် မြေမာပေါ်တွင် အုတ်ရိုးပန္နက်ရှိပြီး စတုရန်းပုံစံအုတ်ရိုးဖြင့် အထက်သို့ အုတ်များကို အတိုးအဆုတ်စီ၍ ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အဆောက်အအုံတစ်ခုဖြစ်ပြီး အခန်းဖွဲ့စည်းမှုမရှိသည့် ခန်းမပုံစံဖြစ်၍ ဘာသာရေးနှင့်ဆက်နွယ်သော အဆောက်အအုံတစ်ခုဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။

ကုန်းအမှတ် (၁၆) နှင့် (၁၇) အဆောက်အအုံနှစ်ခုလုံးရှိ မူလဖို့မြေလွှာအတွင်း အရိုးအိုးမြှုပ်နှံမှုဓလေ့ တွေ့ရှိပုံမှာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့်ပျူမြို့ဟောင်းများရှိ ဘာသာရေးအဆောက်အအုံများနှင့်တူညီနေ၍ ပျူယဉ်ကျေးမှု၏ ဘာသာရေးအဆောက်အအုံဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

ယခုအခါ နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်များကို တူးဖော်သုတေသနပြုလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးသားရေးအသိဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်မိဘများအားရည်စူး၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနေ ဦးမြင့်အုန်း၊ ဒေါ်ခင်မိမိ (အောင်ဖုန်းမြင့်လျှပ်စစ်စတိုး) တို့၏မြေး၊ ဗိုလ်ကြီးမင်းမင်းထွန်း(ငြိမ်း)၊ ဒေါ်တင်မီလတ်တို့က သား မောင်မင်းသုတ (၄)နှစ်ပြည့်မွေးနေ့အတွက် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြား

၅-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၃)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **လှိုင်းပုတ်သည့်ကန်** ဟိန်းဝေယံ၊ရဲအောင်၊ခင်ဇာခြည်ကျော်၊မြတ်ကေသီအောင်၊ချစ်စနိုးဦး (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၇)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	စားဖို့ဆောင်ချစ်သူ
၆း၄၅	၁၃။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၆)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု တိုးတက်ခေတ်မီသမဝါယမစွမ်းရည်
	၂၀။	လူရွှင်တော်စတား
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှား ပစ်မှတ်များ** (အပိုင်း-၂၁)

ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် နိဗ္ဗာန်ကျောင်းလမ်း၊ ဓမ္မပါလလမ်းနှင့် ဦးဘိုးရွှေလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က အဆိုပါလမ်းထိပ်ရှိ မေတ္တာဝါဒီဓမ္မာရုံရှေ့ လမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၃၅)

အထက(၆)ဗိုလ်တထောင် (ယခင်စိန့်ပေါလ်) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၄

အထက(၆)ဗိုလ်တထောင်(ယခင် စိန့်ပေါလ်)တွင် ၁၉၆၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် မတ်၂ရက် (တောင်သူလယ်သမားနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

မြတ်ဆရာပူဇော်ပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်း၃လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ကျောင်းသားဟောင်းများ တက်ရောက်အကြံပြုဆွေးနွေးကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(ယာယီ)က ဖိတ်ကြား နိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပေါက်ခေါင်းမြို့နယ် အောင်ရတနာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၇ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇာခြည်နုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မောက်မယ်မြို့နယ်၌ စာကြည့်တိုက်ပန္နက်တင်

မောက်မယ် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် နမ့်လွတ်စံပြကျေးရွာ ပညာဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက်က ယင်းစာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးနှင့် နမ့်လွတ်စံပြကျေးရွာဥက္ကဋ္ဌ ဦးဝါယမတို့က ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)** အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်အတွက် နိုင်ငံတော်မတည်ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

(၁၉၈၆)ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၄

(၁၉၈၆) ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ပန်ဒါပဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးအောင်နိုင်လေး ဖုန်း-၀၉-၈၀၂၀၂၀၉၊ ၀၉-၅၁၀၀၂၇၇၊ ဗိုလ်မှူးစိုးညွန့်(ငြိမ်း) ဖုန်း-၀၉-၅၁၃၂၃၄၅၊ ၀၁-၅၄၀၀၁၆၊ ဦးညီလေးနိုင် ဖုန်း- ၀၉-၈၀၂၄၁၉၂၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၂၁၁၅၆၊ ၀၁-၄၀၀၁၅၈၊ ဦးညီညီလွင် ဖုန်း-၀၉-၅၀၁၂၉၇၉၊ ၀၁-၆၆၀၃၄၆၊ ဒေါ်မြမြမိုး ဖုန်း-၀၉-၅၀၀၃၈၈၅၊ ၀၁-၅၁၉၀၀၄၊ ဒေါက်တာသန်းသန်းသွယ် ဖုန်း-၀၉-၅၁၅၁၇၄၅၊ ၀၁-၅၂၆၄၀၃ နှင့် ဒေါ်ဝါဝါမြ ဖုန်း-၀၉-၅၁၇၅၅၉၀၊ ၀၁-၅၅၅၄၈၆တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

■ ရှေ့ဖုံးမှ

ချီးမြှင့်

ယင်းနောက် တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ် (၆၅)သင်တန်းဆင်းပွဲ အခမ်းအနားကို သင်တန်းခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအားပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ မြောင်းတကာလျှပ်စစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က စိုက်ပျိုးရေပေးဝေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်ကာလအတွင်း စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ရန်မှာကြားပြီး ပင်မရေမြောင်းအတွင်း ရေပေးသွင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးမှု

ယင်းနောက် မြောင်းတကာကျေးရွာ ဘုရားကြီးကွင်းတွင် ကျင်းပသည့် နွေစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ၌ လယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုနှင့် တံခွန်တိုင်ကွင်းရှိ လယ်မြေတွင် ဆောင်းသီးနှံမတ်ပဲနှင့် ကြားသီးနှံ နေကြာစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ တံခွန်တိုင်ကွင်းရှိ လယ်မြေ၌ ဆောင်းသီးနှံ၊ မတ်ပဲ နှင့် ကြားသီးနှံ နေကြာစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသော သူကို
မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

**အားကစား
မြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး**

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဩစတြီးယားနိုင်ငံ စီးပွားရေးသံမှူးတွေ့ဆုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးတို့အား ထိုင်းနိုင်ငံ အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr.Dietmar Schwank သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ အထည်ချုပ်လုပ်ငန်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ဩစတြီးယား စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၁၀ ခုနှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် အကျိုးတူစီးပွားရေးလုပ်ငန်းကိစ္စများ ဆွေးနွေးနိုင်ရေးအတွက် လာရောက်ရန်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းစ်အမျိုးသမီးဘောလုံးပြိုင်ပွဲစတင်
ထိုင်းက မလေးရှားကို ၁၄ဂိုးပြတ်နိုင်ပြီး
မြန်မာအသင်း အိမ်ရှင် လာအိုကို မမျှော်လင့်ဘဲသရေကျ

စိုးညွန့် (ခေတ္တ-ဗီယန်ကျင်း) ရေးသားပေးပို့သည်

ဗီယန်ကျင်း ဒီဇင်ဘာ ၄ (ဂျီမေးလ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသမီးဘောလုံး ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ အားကစားရွာ အတွင်းရှိ အမျိုးသား တက္ကသိုလ်ဘောလုံး ကွင်း၌ ကျင်းပရာ ပထမပွဲစဉ်ဖြစ်သော ထိုင်းနှင့် မလေးရှားတို့ပွဲစဉ်တွင် လက်ရှိ ချန်ပီယံထိုင်းအသင်းက ၁၄ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ဖိကစား

ဒုတိယပွဲစဉ်အဖြစ် ညနေ ၃နာရီ ၄၅ မိနစ်တွင် အိမ်ရှင်လာအိုအသင်းနှင့် မြန်မာ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အများ မျှော်လင့်ထားသော ရလဒ်မထွက်ပေါ်ခဲ့ဘဲ တစ်ဂိုးစီသရေနှင့် ပြီးဆုံးသွားခဲ့သည်။ ယင်းပွဲ၌ မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းတွင် အဓိကကစားသမားအစုံ အလင်ပါဝင်ပြီး အနိုင်ရရှိအောင်ကြိုးစား ကစားခဲ့သော်လည်း မြန်မာကစားသမား များ အနိုင်ရချင်စိတ် လောကြီးပြီး ကစား ကွက်မမိခဲ့သောကြောင့် ပွဲအစပိုင်းတွင် လာအိုအသင်းကပင် ဖိကစားနိုင်ခဲ့သည်။

မြန်မာအသင်းကစားကွက်မဖော်နိုင် မှုကို လာအိုအသင်းက အခွင့်ကောင်းယူ ကာ ပထမပိုင်း ၃၃မိနစ်တွင် လာအို အသင်းက အဖွင့်ဂိုးစတင်သွင်းယူသွားခဲ့ သည်။ ဂိုးပေးလိုက်ရပြီးနောက် မြန်မာ အသင်းက ကစား အားမြှင့်တင်လာနိုင်ပြီး အိမ်ရှင်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့ကာ ၃၅မိနစ်တွင် မိုင်နီလာထွေးက ချေပဂိုး သွင်းနိုင်ခဲ့သည်။ ထို့နောက် ပထမပိုင်းပြီး ခါနီးတွင် မြန်မာအသင်းအတွက် မိုင်နီ လာထွေးက ဒုတိယ အနိုင်ဂိုး သွင်းနိုင်ခဲ့ သော်လည်း စည်းကြပ်ဒိုင်က လူကျွံဘော သတ်မှတ်ခဲ့၍ မြန်မာအသင်းအတွက် နစ်နာ ခဲ့ရသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရရှိရေးအတွက် ပိုမိုဖိကစားနိုင်ခဲ့ သော်လည်းဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ သည့်အပြင် သေချာပေါက်ကန်သွင်းခွင့် အချို့ကိုလည်း အသုံးမချနိုင်ခဲ့၍ မမျှော် လင့်ဘဲ ပွဲဦးထွက်တွင် သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ကြောင့် မြန်မာ အမျိုးသမီးအသင်းအနေဖြင့် အကြိုဗိုလ်လု ပွဲတက်ရေးအတွက် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားတို့နှင့် ဆက်လက်ကစားရမည့် လက်ကျန် ပွဲစဉ်များကို အနိုင်ရအောင် ကစားရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ထိုးဖောက်ဂိုးသွင်းမှုကို လာအို ဂိုးသမား ကာကွယ်စဉ်။ (ဓာတ်ပုံ-စိုးညွန့်)

မြန်မာ့ရုပ်မြင်သံကြား

၅-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသောဉပွါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ** (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ပျော်ဘွယ်ချည်မျှင်စက်ရုံ
၈:၂၅ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Crossroads Cafe (Episode-11) (No Vacancy)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ Yan Can Cook
၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း- ၅၁)
၁၃:၅၀ ၇။ သက်တံရောင်သံစဉ်
၁၄:၀၅ ၈။ **ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး နေ့အထိမ်းအမှတရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ**
၁၄:၄၀ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၁၄:၅၅ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၅ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(မြန်မာမှုပညာ အထူးပြု)(မြန်မာမှုပညာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅:၂၅ ၈။ စံချိန်မီလို့လူကြိုက်များ စတီးလ်ပစ္စည်းမှာတိုက်ဂါး
၅:၄၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာ့ဝယ်
၆:၄၀ ၁၃။ ယဉ်တစ်ကိုယ်မယ် သဲနော်ဇာ (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၆:၅၅ ၁၄။ **ပြောင်းလဲနေသော ကမ္ဘာ့ ရာသီဥတုအခြေအနေများ** (အပိုင်း-၁)
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၇)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၆၅)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၇)
၂၁။ **ဂီတတံခါးလေးဖွင့်ပါဦး**

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ဂ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းတို့သည် တစ်ဖက် တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစား သွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

လက်ကိုင်ဖုန်းအသုံးပြုခြင်း နှင့် ဦးနှောက်ကင်ဆာဖြစ်ပွားမှု ဆက်စပ်လျက် ရှိကြောင်း၊ လက်ကိုင်ဖုန်းမှထွက်ရှိသော လှိုင်းများကြောင့် ဦးနှောက်အတွင်း အကျိတ်များ ဖြစ်ပေါ်စေကြောင်း ယခင် သုတေသနပြုချက်များ၌ ဖော်ပြခဲ့ကြသည်။

တွေ့ရှိ

ဦးနှောက်ကင်ဆာဖြစ်ပွားသူ ၆၀၀၀၀တို့အား စနစ်တကျ သုတေသနပြု ခဲ့ရာ လက်ကိုင်ဖုန်း သုံးစွဲသူဦးရေမှာ အနည်းငယ်သာရှိသည်ကို တွေ့ရှိရကြောင်း၊ အခြားအကြောင်းအချက်များကြောင့် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ၎င်းတို့ ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သုတေသနပြု

တစ်ဖန် လက်ကိုင်ဖုန်း အသုံးပြုသူများကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ ဦးနှောက်ကင်ဆာ ဖြစ်ပွားသူဦးရေမှာ အနည်းငယ်သာတွေ့ရှိရကြောင်း၊ ယင်းမှာ လက်ကိုင်ဖုန်းကြောင့်ဟူသော အချက်တစ်ချက်တည်းနှင့် ကောက်ချက် မချနိုင်ကြောင်း ဒိန်းမတ်ဆေးသိပ္ပံပညာရှင်များက ထုတ်ဖော် ပြောကြားသည်။ ။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအပေါ် အီရန်အယုံအကြည်မဲ့

တီဟီရန် ဒီဇင်ဘာ ၄

အီရန်ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီက အီရန်ကိုဆန့်ကျင်သည့် ဆုံးဖြတ်ချက်ထုတ်ပြန်သော နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့အား ဒီဇင်ဘာ၂ရက်က ပြစ်တင်ရှုတ်ချလိုက်သည်။

ပြစ်တင်ရှုတ်ချ

အီရန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ အိုင်အေအီးအေကို အယုံအကြည်မဲ့လာကြောင်း ပြောကြားကာ ယင်းကဲ့သို့ ပြစ်တင်ရှုတ်ချလိုက်ခြင်းဖြစ်သည်။

ယင်းနိုင်ငံရေး ဆုံးဖြတ်ချက်ကြောင့် အိုင်အေအီးအေအပေါ် အီရန်နိုင်ငံ၏ ယုံကြည်မှုကို ထိခိုက်စေကြောင်း ဗာဟီဒီကပြောကြားသည်ဟု အီရန်အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် ဖားစ်သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပလျက်ရှိသည့် ရှားပါးကျောက်ရိုင်းတုံးများပြပွဲတွင် ပါဝင်ပြသထားသည့် ကျောက်ရိုင်းတုံးတစ်တုံးကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကော်စတာရီကာနှင့်ဥရောပကော်မရှင် အကြံပေးအဖွဲ့ထားရှိသွားမည်

ဆန်ဂျို့စ် ဒီဇင်ဘာ ၄

ဥရောပကော်မရှင်နှင့် ကော်စတာရီကာအစိုးရ ကိုယ်စားလှယ်များသည် အပြန်အလှန် အကြံပေးဆွေးနွေး ညှိနှိုင်းရေးအဖွဲ့ထားရှိသွားရန် နားလည်မှုစာချွန်လွှာ (အမ်အိုယူ)ကို ဘရပ်ဆဲလ်မြို့၌ ဒီဇင်ဘာ ၂ရက်က လက်မှတ်ရေးထိုးကြသည်ဟု ကော်စတာရီကာ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂ ရက်တွင် ကြေညာသည်။

ရည်ရွယ်

အဆိုပါ သဘောတူညီချက်သည် ကော်စတာရီကာနှင့် ဥရောပနိုင်ငံများကြား ကဏ္ဍအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက်နားလည်မှု တိုးမြှင့် ပြုလုပ်သွားရန်ရည်ရွယ်ကြောင်း အဆိုပါကော်စတာရီကာ နိုင်ငံခြားကုန်သွယ်ရေး ဝန်ကြီးဌာန၏ ကြေညာချက်အရ သိရသည်။

အဆိုပါအကြံပေး ဆွေးနွေးညှိနှိုင်းရေးအဖွဲ့သည် အမေရိကအလယ်ပိုင်း နိုင်ငံများနှင့် ဥရောပသမဂ္ဂသို့ လောလောဆယ် ညှိနှိုင်းနေဆဲဖြစ်သော ပူးပေါင်းရေးသဘောတူညီချက်တွင် ဖော်ပြထားပြီးဖြစ်သော အချက်များကို လိုအပ်သလို ဖြည့်စွက်သွားမည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်

အဆိုပါသဘောတူညီချက်တွင် ဒီမိုကရေစီတန်ဖိုးများ တိုးမြှင့်ရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ တစ်နှစ်လျှင်တစ်ကြိမ်ထက်မနည်း တွေ့ဆုံကာ အတူတကွ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် ဖော်ပြထားသည်။

(အင်တာနက်)

အယ်လ်ဂျီးရီးယား၌ A(H1N1)ရောဂါဖြင့် သုံးဦး ထပ်မံသေဆုံး

အယ်လ်ဂျီးယာ့စ် ဒီဇင်ဘာ ၄

အယ်လ်ဂျီးရီးယားနိုင်ငံ၌A(H1N 1)ရောဂါဖြင့် သုံးဦးထပ်မံသေဆုံးခဲ့သည်ဟု ဒီဇင်ဘာ ၂ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။

သေဆုံး

အယ်လ်ဂျီးရီးယားနိုင်ငံအတွင်း ယင်းရောဂါဖြင့် သေဆုံးမှုမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးသုံးဦး အပါအဝင် ခုနစ်ဦးရှိသွားပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ပါရှိ

၎င်းနိုင်ငံတစ်ဝန်း A(H1N1)ရောဂါဖြစ်ပွားသူ စုစုပေါင်းဦးရေမှာ ၃၃၈ဦးရှိပြီဟုလည်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

(အင်တာနက်)

ဂါဇာကမ်းမြောင်ဒေသ ဂါဇာစီးတီး၌ အပြည်ပြည်ဆိုင်ရာ မျက်မမြင်နေ့ အထိမ်းအမှတ်ဖျော်ဖြေပွဲတွင် ကလေးငယ်များ၏ ကပြဖျော်ဖြေမှုကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိုဂါဒစ်ရှူးရှိ ရှာမောဟိုတယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ဆိုမာလီဝန်ကြီး သုံးဦးအပါအဝင် ၅၇ဦးသေဆုံး

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၄

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ ရှာမောဟိုတယ်၌ ဒီဇင်ဘာ ၃ ရက်က အင်အားပြင်းထန်သည့် အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဆိုမာလီဝန်ကြီး သုံးဦးအပါအဝင် ၅၇ ဦးသေဆုံးပြီး ၂၀၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။ **(ယာပုံ)**

ဒဏ်ရာရရှိ

သေဆုံးသူများတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးတို့အပြင် သတင်းစာဆရာနှစ်ဦးနှင့် ကျောင်းသားကျောင်းသူများပါဝင်ကြောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီးမှာလည်း အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း သတင်း၌ပါရှိသည်။

အသေခံဗုံးခွဲသူမှာ အမျိုးသမီးဖြစ်ကြောင်း၊ ရှာမောဟိုတယ်၌ ဘာနာဒါတက္ကသိုလ်၏ ပြည်ပသွားရောက်မည့် ပညာသင်ဆုရကျောင်းသားကျောင်းသူများ ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနား ကျင်းပနေစဉ် အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်သို့ နေတိုးတပ်ဖွဲ့ဝင်ထပ်မံစေလွှတ်ရန် သမ္မတအိုဘားမား ဆော်သြ

ဝက်စ်ပွိုင့် ဒီဇင်ဘာ ၄

အာဖဂန်နစ္စတန်သို့ နေတိုးတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နေတိုးအဖွဲ့အား ဒီဇင်ဘာ ၁ရက် ညနေပိုင်းက ဆော်သြလိုက်သည်။

ကြေညာ

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဝက်စ်ပွိုင့်စစ်တက္ကသိုလ် သင်တန်းသားများအား မိန့်ခွန်းပြောကြားရာ၌ အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်မည်ဆိုသည့် အစီအစဉ်ကို ကြေညာသည်။

ဆော်သြ

အာဖဂန်နစ္စတန်စစ်ပွဲသည် နိုင်ငံတကာ ကြိုးပမ်းတိုက်ခိုက်ရမည့် စစ်ပွဲဖြစ်သည့်အားလျော်စွာ နေတိုးမဟာမိတ်များအနေဖြင့် အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်များတိုး၍ ထပ်မံစေလွှတ်သင့်ကြောင်း မစ္စတာအိုဘားမားက ပြောကြားပြီး အာဖဂန်နစ္စတန်စစ်ပွဲကို အမေရိကန်ပြည်ထောင်စုနှင့်အတူ စတင်ဆင်နွှဲခဲ့ကြသည့်နိုင်ငံများအနေဖြင့် ယင်းစစ်ပွဲကို အမေရိကန်ပြည်ထောင်စုနှင့်အတူ အဆုံးသတ်ကြဖို့လည်း ဆော်သြသွားသည်။

အန္တရာယ်ဖြစ်

အာဖဂန်စစ်ပွဲသည် မိမိတို့ အမေရိကန်ကသာ တိုက်ခိုက်ရမည့်စစ်ပွဲမဟုတ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။ အာဖဂန်နစ္စတန်ရှိ အယ်လ်ခိုင်ဒါတို့ ခိုလှုံရာနေရာများသည် အမေရိကန်အတွက် အန္တရာယ်ဖြစ်သည်မဟုတ်ဘဲ မဟာမိတ်နိုင်ငံအားလုံးတို့၏ အန္တရာယ်လည်းဖြစ်သည်ဟု အိုဘားမားက ပြောကြားသည်။ (အင်တာနက်)

အာဖဂန်သို့ ပိုလန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သမ္မတအိုဘားမား တိုက်တွန်းတောင်းဆို

ဝါဆော ဒီဇင်ဘာ ၄

အမေရိကန်သမ္မတ အိုဘားမားက ၎င်း၏ အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာသစ်နှင့်စပ်လျဉ်း၍ ပိုလန်နိုင်ငံ ဝန်ကြီးချုပ်ဒေါ်နယ်တပ်နှင့် ဒီဇင်ဘာ ၂ရက်တွင် မိနစ်၃၀ကြာ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးကြောင်း သိရသည်။

ထပ်မံစေလွှတ်

ယင်းသို့ဆွေးနွေးရာတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ပိုလန်နိုင်ငံက အခြားသောဥရောပနိုင်ငံများနည်းတူ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အိုဘားမားက တိုက်တွန်းတောင်းဆိုထားသည်။ ယင်းသို့ ထပ်မံစေလွှတ်ခြင်းဖြင့် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်းနီးပါး ရှိလာတော့မည်ဖြစ်သည်။

(အင်တာနက်)

ဆွတ်တောင်ကြား စစ်ဆင်ရေး၌ စစ်သွေးကြွ ၁၁ဦး သေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွတ်တောင်ကြား၌ လုံခြုံရေးတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲခဲ့ရာ စစ်သွေးကြွ ၁၁ဦးထက်မနည်း သေဆုံးကြောင်း ပါကစ္စတန် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

နှိမ်နင်း

၂၀၀၉ ခုနှစ် ဧပြီလကုန်ပိုင်း၌ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့က တာလီဘန် စစ်သွေးကြွနှိမ်နင်းရေး စတင်ဆောင်ရွက်ခဲ့ချိန်မှစ၍ စစ်သွေးကြွ ၁၇၀၀အထိ သေဆုံးခဲ့ပြီးဖြစ်သည်။

(အင်တာနက်)

၂၀၁၀ ခုနှစ် တရုတ်စီးပွားရေး ဂဒသမဂ ရာခိုင်နှုန်းတိုးမည်ဟု ခန့်မှန်း

ဂျီနီဗာ ဒီဇင်ဘာ ၄

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၀ခုနှစ်အရောက်တွင် ၈ဒသမ၈ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ သို့သော် ယခင်ဖွံ့ဖြိုးမှုနှုန်းကို မမီသေးကြောင်း ဒီဇင်ဘာ ၃ရက်က ကုလသမဂ္ဂစီးပွားရေး အစီရင်ခံစာ၌ ဖော်ပြသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ရှိသည်။

ပြန်လည်သုံးသပ်

ကမ္ဘာတစ်ဝန်း စီးပွားရေးအကျပ်အတည်းမှ ပြန်လည်ဦးမော့လာရခြင်းမှာ ၂၀၀၈ နှစ်ကုန်အထိ ကမ္ဘာ့နိုင်ငံများ၌ အစိုးရများက ငွေကြေးပံ့ပိုးမှုကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂဌာနချုပ်၏ နှစ်စဉ်စီးပွားရေးပြန်လည်သုံးသပ်မှု အစီရင်ခံစာတွင် ပါရှိသည်။

ဖော်ပြ

၂၀၁၀ ခုနှစ်တွင် အာရှနိုင်ငံများက ဦးဆောင်ကာ စီးပွားရေးမြင့်တက် ဖွံ့ဖြိုးလာပြီး ကမ္ဘာ့စီးပွားရေးလည်း ပြန်လည်ဦးမော့လာမည်ဟု မျှော်လင့်ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

(အင်တာနက်)

5-12 (04).pmd 1 12/5/2009, 2:36 PM

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အင်းစိန်တွင် ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကိုကိုအောင်၏ ကြီးကြပ်မှုဖြင့် ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့မှ မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်း ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁ရက် နံနက်က အင်းစိန်အလက(၉) ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းတင်၊ ဒုတိယမြို့နယ် တရားသူကြီး ဦးတင်ထွဋ်ဦး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)နှင့် အနောက်ပိုင်းမူးယစ်အထူးအဖွဲ့မှ ရဲအုပ်သောင်းဇံတို့က ဟောပြောကြသည်။ **(အပေါ်ပုံ)**

ဟောပြော

အလားတူ ကျောင်းသားကျောင်းသူများအား ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁ရက် မွန်းလွဲပိုင်းက အင်းစိန် အလက(၁၂) ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်အုန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌဦးစိုးဝင်း(သတင်းထောက်စစ္စကူစိုးဝင်း)၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းတင်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးတင်ထွဋ်ဦး၊ အနောက်ပိုင်းခရိုင်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်သောင်းဇံနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးရဲအုပ်မြင့်ဆွေတို့က ဟောပြောကြသည်။ (၁၂၇)

လားရှိုးစစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

လားရှိုး ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)က ထောက်ပံ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ လားရှိုးမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များမှ (၇၅)နှစ်နှင့်အထက်အဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ရက်က ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးထူးငြိမ်းက အမှာစကားပြောကြားပြီး စုစုပေါင်းထောက်ပံ့ငွေကျပ် ၈၉သိန်း ဂုဏ်ပြုချီးမြှင့်သည်။ **(လားရှိုးကိုယ်ပွား)**

ဖြူးမြို့နယ် ဖြူးအရှေ့ကျေးရွာအုပ်စု နတ်ရေကန်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၁၄ရက်က ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေး စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်စာရေးတိုက်နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌနိကာယသာသနာ့ဗိမာန်၌ ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများနှင့်အသင်းမဝင်ရသေးသော နယ်သူ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

အသင်းသူ အသင်းသားများ နှစ်ပတ်လည်အစည်းအဝေးနှင့်ပတ်သက်၍ သိလိုပါက အသင်းရုံး ဖုန်း-၅၆၄၃၆၀၊ အသင်းနာယက ဦးတင်ဝင်း ဖုန်း-၅၈၃၄၁၉၊ ဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၂၉၉၆၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း-၆၆၅၈၀၃၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေ ဖုန်း-၀၉-၅၁-၃၄၄၄၉ နှင့် ဘဏ္ဍာရေးမှူး ဒေါ်မိုးမိုး ညွန့် ဖုန်း-၀၉-၈၆၁၈၄၃၂တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မော်လိုက်မြို့နယ် သုတပန်းခင်း စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

မော်လိုက် ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ဝါးရုံသာကျေးရွာအုပ်စု ဝါးရုံသာကျေးရွာတွင် နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်မည့် သုတပန်းခင်း စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀နာရီက စာကြည့်တိုက် ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

ပန္နက်တင်

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ(ကိုယ်စား) နယ်မြေတာဝန်ခံ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ကိုကို၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ ဝါးရုံသာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းမောင်၊ ပန်းသာကျေးရွာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရွှေနှင့် လူမှုရေးတာဝန်ခံ ဒုရဲအုပ်ကျော်အုံးဆွေတို့က ပန္နက်တင်အုတ်မြစ်စီပေးသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ကွင်းဆင်းဆောင်ရွက်

ကသာ ဒီဇင်ဘာ ၄

ကသာခရိုင် ကသာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုသည် မြို့နယ်ဦးစီးမှူး ဦးခင်မောင်သိန်းလွင်နှင့်ဝန်ထမ်းများလိုက်ပါလျက် နိုဝင်ဘာ ၂၃ရက်က လမ်းခွကျေးရွာအုပ်စု လမ်းခွကျေးရွာ၊ ပင်မလွတ်ကျေးရွာနှင့်နတ်ရေတွင်းကျေးရွာများသို့သွားရောက်၍ စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ဆွေးနွေး

ရှေးဦးစွာ လမ်းခွကျေးရွာ စာကြည့်တိုက်ကော်မတီဒုတိယဥက္ကဋ္ဌက နိုင်ငံတော်မှ ပံ့ပိုးငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ

စာပေဟောပြောပွဲ ကွတ်ခိုင်၌ ကျင်းပ

ကွတ်ခိုင် ဒီဇင်ဘာ ၄

၁၃၇၁ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲ အခမ်းအနားကို ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ နိုဝင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

စာပေဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာရေးဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စာရေးဆရာ အကြည်တော်နှင့် စာရေးဆရာ ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

များဖြင့် စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်အဆောက်အအုံကို သတ်မှတ်သည့် ပုံစံအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်ရန်ပုံငွေထူထောင်ရေး စသည်များကို ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

အထက(၃) မရမ်းကုန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၆ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးတက်ရောက်ကြရန်နှင့် အလှူငွေပစ္စည်းများ လှူဒါန်းလိုပါက ဦးသက်ခိုင် (MT & KTOURS) ဖုန်း-၆၆၁၁၆၁၊ ၀၉-၅၁-၇၅၁၃၅၊ ဦးအေးလင်း (မြန်နန္ဒာဆောက်လုပ်ရေး)ဖုန်း-၆၆၇၃၆၅၊ ၀၉-၅၁-၀၄၉၈၃၊ ဦးသူရကိုကို ဖုန်း-၀၉-၅၅၀၁၀၁၄၊ ဦးအောင်ချိုအေး ဖုန်း-၅၈၄၃၉၈၊ ဒေါ်မြမြဝင်း (နံ့သာဆေးဆိုင်) ဖုန်း-၀၉-၅၀၀၅၈၂၉၊ ဒေါ်ရီရီမြတ် အထက(၃) မရမ်းကုန်း ဖုန်း-၆၆၀၈၉၄၊ ၆၆၁၁၇၅နှင့် ဒေါ်တင်တင်ဌေး ဖုန်း-၆၆၆၆၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

ကျေးလက်ရေပေးရေး သုံးခွ၌ ဆောင်ရွက်

သုံးခွ ဒီဇင်ဘာ ၄

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးလှိုင်သည် ဒီဇင်ဘာ ၁ရက်က တကောကျေးရွာ ရေကန်အဆင့်မှ လက်နှိပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းသို့ သွားရောက်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ကျေးရွာပေါင်း ခုနစ်ရွာ၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာပေါင်း ၁၁ရွာတို့၌ ရေကန်အဆင့်မှ လက်နှိပ်ပန့် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

ဥရုဂွေးမြောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား ဒေသခံတို့ ရေဘေးဒုက္ခနှင့်ကြုံတွေ့

*ဥရုဂွေးနိုင်ငံမြောက်ပိုင်း ပေဆန်ဒူမြို့တွင် ဒီဇင်ဘာ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံ ၇၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့နေရပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဥရုဂွေးအရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)***

ရှန်ဟိုင်းမြို့၌ ဓာတ်ငွေ့သိုလှောင်ကန် ယိုစိမ့်မှုဖြစ်ပွား

တရုတ်နိုင်ငံရှန်ဟိုင်းမြို့ ပေါင်ကူခရိုင်ရှိ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ သိုလှောင်ကန်မှ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၈ဦး ဆေးကုသမှု ခံယူလျက်ရှိကြောင်း ဒီဇင်ဘာ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ဆီးရီးယားမြို့တော်၌ ဘတ်စ်ကားပေါက်ကွဲ အနည်းဆုံး သုံးဦးသေဆုံးခဲ့ရ

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်မြို့၌ ဒီဇင်ဘာ ၃ရက်က ဘတ်စ်ကားတစ်စီးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ အနည်းဆုံး သုံးဦးသေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်ကို အမ်အင်န်အေ၊ ရိုက်တာက ဖော်ပြသည်။

တီကရစ်မြို့တွင် အသေခံဗုံးခွဲမှု ပြည်နယ်ရဲချုပ်နှင့် ၁၁ဦးသေဆုံး

အီရတ်နိုင်ငံ တီကရစ်မြို့၌ ဒီဇင်ဘာ ၃ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ပြည်နယ်ရဲအရာရှိချုပ် အာမက်အယ်ဖာဟာယ်အပါအဝင် ၁၁ဦးသေဆုံးသွားကြောင်း အမ်အင်န်အေ၊ ဆင်ဟွာက ဖော်ပြသည်။

တရုတ်နိုင်ငံမြောက်ပိုင်း အအေးလှိုင်းကျရောက်

တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၄ရက်က လေအေးများတိုက်ခတ်ပြီး အအေးလှိုင်းကျရောက်ခဲ့ကြောင်း၊ လာမည့်သုံးရက်အတွင်း အပူချိန်များ ဆက်လက်ကျဆင်းနေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ် ဘိုလီမြစ်၌ ကူးတို့ရေယာဉ်နစ်မြုပ်

*ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကက်ရှိုဂန်ခရိုင်ရှိ ဘိုလီမြစ်အတွင်း၌ ဒီဇင်ဘာ ၄ ရက်က ခရီးသည် ၂၀၀ ခန့်တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ **(အပေါ်ပုံ)** ၁၆ ဦး သေဆုံးပြီး ခရီးသည် ၁၀၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက သတင်းထုတ်ပြန်သည်။*

တရုတ်နိုင်ငံ နန်ဘိုကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်မိ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ် နန်ဘိုမြို့ကမ်းလွန်တွင် ဒီဇင်ဘာ ၄ရက် နံနက်က အီရန်ကုန်တင်သင်္ဘောနှင့် တရုတ်ငါးဖမ်းသင်္ဘောတစ်စင်းတို့တိုက်မိရာ သင်္ဘောသားခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ရေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရှာဖွေလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ (အင်တာနက်)

စပါးစိုက်ပျိုးရေးအကျိုးပြု တောင်နဝင်းရေလှောင်တမံကြီး

သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်၊ ပေါက်ခေါင်းနှင့် သဲကုန်းမြို့နယ်များမှ တောင်သူများသည် နှစ်စဉ် မိုးစပါးသာမက နွေစပါးကိုပါ နှစ်စဉ်မှန်မှန်စိုက်ပျိုးလာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပေပြီ။ ဤသို့နှစ်စဉ် နွေစပါးများ နှစ်စဉ်စိုက်ပျိုးနိုင်ခြင်းမှာ တောင်နဝင်းရေလှောင်တမံ၏ ကျေးဇူး မကင်းပေ။

လုပ်မှုစီးပွား

နိုင်ငံတော်အစိုးရက တောင်သူ လယ်သမားများ၏ လူမှုစီးပွားဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံနှင့်အဝန်း ဆည်၊ တမံများ တည်ဆောက်ပေးနိုင်ခဲ့ပေပြီ။ ထိုသို့ ဆည်၊ တမံကြီးများ ငွေကျပ် သန်းပေါင်းများစွာ သုံးစွဲလျက် တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစား တိုးချဲ့စိုက်ပျိုးနိုင်သဖြင့် ဝင်ငွေစီးပွားဒီရေအလား တိုးတက်ရရှိနေပေပြီ။

တည်ဆောက်ဖွင့်လှစ်

တောင်နဝင်း ရေလှောင်တမံကြီးသည် တပ်မတော်အစိုးရလက်ထက် အစောဆုံး ဖွင့်လှစ်နိုင်ခဲ့သော ရေလှောင်တမံကြီးဖြစ်သည်။ ယင်းရေလှောင်တမံကြီးသည် သဖန်းဆိပ်ဆည်ကြီး မတည်ဆောက်မီက မြန်မာနိုင်ငံတွင် အကြီးဆုံး ရေလှောင်တမံကြီးတစ်ခု ဖြစ်ခဲ့သည်။

“တောင်နဝင်း ရေလှောင်တမံကြီးဟာ စပါးစိုက်ပျိုးရေးအတွက် များစွာ အကျိုးပြုပါတယ်”

ဦးမြင့်ဆွေ
ရေလှောင်တမံထိန်းသိမ်းရေး
တာဝန်ခံအရာရှိ။

“ကျွန်တော်တို့ ဒီဒေသမှာ တောင်နဝင်း ရေလှောင်တမံကြီး တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့်

ဘဲနွတ်သီးများ

တောင်နဝင်းရေလှောင်တမံကြီး၌ ရေထုတ်ပြွန်တစ်ခုပါရှိသည်။ ရေပိုလွှဲမှာ သံကူကွန်ကရစ် ဘဲနွတ်သီး ပုံစံဖြစ်သည်။ စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်မည့် တူးမြောင်းမကြီးတစ်ခုလည်း ပါရှိသည်။ တူးမြောင်းမကြီးမှာ အရှည် ၃၂မိုင်ရှိသည်။

ပြောပြ

တောင်နဝင်း ရေလှောင်တမံ ရေသောက်ဧရိယာတွင် ပေါက်ခေါင်း၊ ပြည်နှင့် သဲကုန်းမြို့နယ်များ အဓိကပါဝင်သည်။ တောင်နဝင်းရေလှောင်တမံ ရေသုံးစွဲမှုနှင့် ပတ်သက်ပြီး ပေါက်ခေါင်းမြို့နယ် သဖန်းချိုကျေးရွာမှ တောင်သူ ဦးဖိုးဖြူက “ကျွန်တော်တို့ကျေးရွာက တောင်သူ အများစုဟာ ဒီတောင်နဝင်း ရေလှောင်တမံကြီးရဲ့ ကျေးဇူးကြောင့် နှစ်စဉ် နွေစပါး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မတ်ပဲစိုက်အပြီးမှာ နွေစပါးများ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်” ဟုပြောပြသည်။

တောင်နဝင်းရေလှောင်တမံ၏ ဘဲနွတ်သီးသဏ္ဌာန် ရေပိုလွှဲကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်က ဆည်များ၊ ရေလှောင်တမံများ နိုင်ငံအဝန်း တည်ဆောက်ပေးလျက်ရှိရာ တောင်နဝင်း ရေလှောင်တမံကြီး၏ ကျေးဇူးကြောင့် ပြည်ခရိုင်အတွင်းမှ ဒေသခံတောင်သူများ ဝင်ငွေစီးပွား တိုးပွားလျက်ရှိပါကြောင်း သတင်းခရီးသတင်းမြင်ကွင်းအဖြစ် စေ့ငုရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံ၏ စိုက်ပျိုးရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ပေါက်ခေါင်းမြို့အနီး၌ တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

နိုင်ငံတော်က ဆည်များ၊ ရေလှောင်တမံများ နိုင်ငံအဝန်း တည်ဆောက်ပေးလျက်ရှိရာ တောင်နဝင်းရေလှောင်တမံကြီး၏ ကျေးဇူးကြောင့် ပြည်ခရိုင်အတွင်းမှ ဒေသခံတောင်သူများ ဝင်ငွေ စီးပွားတိုးပွားလျက်ရှိ။



“ပေါက်ခေါင်း မြို့နယ်က တောင်သူ အများစုဟာ နွေစပါးကို တောင်နဝင်း ရေလှောင်တမံရေနဲ့ စိုက်ပျိုးကြပါတယ်”

ဦးဖိုးဖြူ (တောင်သူ)
သဖန်းချိုကျေးရွာ၊
ပေါက်ခေါင်းမြို့နယ်။

တောင်နဝင်း ရေလှောင်တမံကို ၁၉၉၄-၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ယင်းရေလှောင်တမံကြီးသည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာအနီး၌ တည်ရှိပြီး နဝင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ရေဆင်းဧရိယာ ၂၄၇စတုရန်းမိုင်ရှိသည်။ တမံအလျားမှာ ၁၆၆၇၄ပေ ဖြစ်ပြီး တမံအမြင့် ၁၄၁ပေရှိသည်။ ရေလှောင်ပမာဏမှာ ဧကပေ ၂၈၇၀၀၀ရှိသည်။ ယင်းရေလှောင်တမံကြီးအတွင်းသို့ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧက ၂၀၀၀၀၀ရှိသည်။

မိုးစပါးဧက ၅၀၀၀၀နဲ့ နွေစပါး ဧက ၂၀၀၀၀ ဝန်းကျင်အတွက် စိုက်ပျိုးရေ နှစ်စဉ် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ဒီဒေသက နှစ်စဉ် မိုးရွာသွန်းမှု ပျမ်းမျှ ၃၈ဒသမ ၅၇လက်မရှိတာကြောင့် ရေဝင်ကောင်းပါတယ်။ ယခုနှစ်မှာလည်း ရေဝင်ကောင်းလို့ ရေပိုလွှဲက တောင်ရေတွေ ကျော်ထွက်နေပါပြီ။ ဒါကြောင့် ဒီဒေသမှာ နွေစပါးအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်တာ ဖြစ်ပါတယ်”ဟု ဆည်မြောင်း ဦးစီးဌာနမှ တောင်နဝင်း ရေလှောင်တမံ ထိန်းသိမ်းရေး တာဝန်ခံအရာရှိ ဦးမြင့်ဆွေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တောင်နဝင်းရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံကို ဤသို့ သာယာရှုမောဖွယ် တွေ့ရသည်။ (မြန်မာ့အလင်း)

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု၌ မိုးစပါးစံကွက်ရိတ်သိမ်း

လင်းခေး ဒီဇင်ဘာ ၄

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု တောင်သူဦးသြဇေယျ၏ လယ်၊ ပင်ထနောင်းကွင်း အမှတ်(၃) ဦးပိုင် (၉၆) တွင် ၂၀၀၉ခုနှစ် မိုးစပါး ရွှေရင်အေး စံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ရက်က ကျင်းပသည်။

တက်ရောက်

အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့မှ တာဝန်ရှိသူများနှင့် လယ်ယာစိုက် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကြည့်ရှုအားပေး

၄င်းမိုးစပါး ရွှေရင်အေး စံကွက် ရိတ်သိမ်းရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြပြီး စံကွက်ဧကရိတ်သိမ်းရာတွင် စပါးအထွက်နှုန်း တစ်ဧကလျှင် တင်း ၁၄၂ ဒသမ ၄၀ထွက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ ဆက်)

5-12 (06).pmd 1 12/5/2009, 2:36 PM

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာဆစ်ပီရိုးမြထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၄

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)သည် ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်း ပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာ ယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာစေရန်နှင့် ခရီးသွား ပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက်ရည်ရွယ်၍ ရန်ကုန် ခရီးသွားဂျာနယ် အတွဲ (၂)၊ အမှတ် (၁၂)ကို နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိ ထားသည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မင်းသုဝဏ်၊ မြတ်မွန်၊ မအိ၊ ဒေါက်တာငွေစိုး၊ ဝင်းယုမောင်တို့၏ ကဗျာများ၊ ခင်မြန်မာ၊ သုနန္ဒာအောင်တို့၏ ကလေးသူငယ်ကဏ္ဍ၊ ဉူးမာနိတ သိရီဘိဝံသ၏ ဗုဒ္ဓဘာသာဝင်တို့ သိမှတ်စရာ၊ ရွှေကိုဦး၊ မေပြန့် ဝင်းသွေးတို့၏ ကာတွန်းလက်ရာများ၊ ရှင်ပါမောက္ခ၊ တက္ကသိုလ် တင်ခ၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ ဝင်းထွဋ်၊ ခင်မောင်ဦး၊ ချစ်စံဝင်း၊ ဒေါက်တာ နေလင်း၊ ဒေါက်တာနုနုယဉ်၊ မိုးပန်းမွှန် (ရာမည)၊ အုံ့ညိုအောင်၊ ဘတ်စ်ကားစီး ခရီးသွားတစ်ဦး၊ ဌေးမောင်၊ အောင်စည်ဟိန်း၊ အောင်ဇင်၊ နေမျိုး၊ အောက်ဆီဂျင်၊ မျိုးမြင့် (လှည်းကူး)၊ အောင်ကြည်ညွန့် (တက္ကသိုလ်)၊ နေစိုးဦးတို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် ဟာသကဏ္ဍနှင့် ပါရမီရှင်၏တစ်လ အတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင် ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈တို့သို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၁) သာစည် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၄

သာစည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစား ယူသွားခဲ့သော ကျေးဇူးရှင် မြတ်ဆရာကြီး၊ ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် သာစည်မြို့ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့ မပျက်မကွက် တက်ရောက် ကြပါရန်နှင့် ကျောင်းသားဟောင်းများသည် အကျိုးဆောင်များဖြစ်သည့် ဦးခင်မောင်ဇော် (သာစည်) ဖုန်း-၀၆၄-၆၉၂၃၆၊ ဦးစိုးမြင့် (သာစည်) ဖုန်း-၀၆၄-၆၉၁၇၃၊ ဦးခင် မောင်လေး (တောင်ကြီး) ဖုန်း-၀၈၁-၂၃၁၉၁၊ ဦးစိုးအောင် (မိတ္ထီလာ) ဖုန်း-၀၆၄- ၂၅၆၁၆၊ ဦးမြင့်အောင်(မန္တလေး) ဖုန်း-၀၉-၂၀-၀၅၀၂၀၊ ဦးကံညွန့် (မန္တလေး) ဖုန်း- ၀၂-၆၂၂၇၄၊ ဦးအောင်မျိုး (ရန်ကုန်) ဖုန်း-၀၁-၆၆၄၃၅၅နှင့် ဦးဇော်သိန်း(နေပြည်တော်) ဖုန်း-၀၆၇-၄၀၉၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပန်းတောင်းမြို့နယ်ညီနောင်ကျောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

ပန်းတောင်းမြို့နယ် ဆင်တဲအထက ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်ရာ ဦးသိန်းလွင် ဖုန်း-၀၅၃-၄၀၁၈၄၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၁၆၊ ဦးမောင် ဌေး ဖုန်း - ၀၉ - ၅၃ - ၁၃၁၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ကျင်းပမည်

ထို့အတူ အုတ်ရှစ်ပင် အထက၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၉နာရီ တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ် သည်။ ဆက်သွယ်လိုသူများသည် အုတ်ရှစ် ပင် ဖုန်း-၀၅၃-၂၅၆၅၂၊ ဦးစောအောင် လိုင်းခွဲ ၂၀၃၊ ဦးသန်းဌေးဦး (လိုင်းခွဲ) ၄၄၇၊ ဦးခင်မောင်နိုင် (လိုင်းခွဲ) ၁၇၅တို့သို့ ဆက်သွယ်နိုင်သည်။

ဆက်သွယ်နိုင်

အလားတူ ပန်းတောင်း အထက၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပ မည်ဖြစ်ရာ အလှူငွေများကို ဦးစိန်မြင့် ဖုန်း-၀၉-၅၀-၂၉၆၂၆၊ ဦးတင်သောင်း ဖုန်း-၀၉-၅၁-၄၄၆၂၀၊ ဦးငွေသိန်း ဖုန်း- ၀၁-၅၅၅၁၅တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ပခုက္ကူ ဒီဇင်ဘာ ၄

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပခုက္ကူမြို့ အထက(၂) ပိတောက်ဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်း တင့်၊ မကွေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင် ခင်ပြုံး၊ မြို့နယ်ပညာရေးမှူးဦးသောင်းဆွေ နှင့် The Leprosy Mission International မှ Technical Support and Manager ဒေါ်နှင်းဖြူအောင်တို့က အမှာ စကားပြောကြားကြပြီး စာစီစာကုံးပြိုင်ပွဲ အထက်ဆင့်နှင့် အလယ်ဆင့် ဆုရရှိသူများ အား တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြသည်။ **(၀၇၀)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြ လေ့ကျင့်မှုကို နိုဝင်ဘာ ၁၅ရက်က ပြုလုပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးရွှေထွန်းအောင်၊ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစောမြင့်တို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဇောဇျင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပုဂ္ဂိုလ်မြတ်တို့၏ နလုံးအိမ်** တရားတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် (ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ပန်းချီပြခန်း (Morning Glory)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၇)
၈:၃၀ Sports World
၈:၅၅ Activities in the City (အင်းဝစာအုပ်တိုက်ခွဲ ဖွင့်လှစ်ခြင်း)
၉:၁၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊မျိုးမြတ်သူ)
၁၀:၄၀ လှုပကြော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
၁၀:၅၅ အရည်အသွေးတို့၏အစ ပထမ
၁၁:၀၅ သွားမယ် စားမယ် (HAN KANG Restaurant BBQ)
၁၁:၃၀ **တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ** (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၁၁:၅၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၁၂:၁၀ အနုပညာမိုးကောင်းကင် (ကြိုးကြာတောင်ပံခတ်သံ)
၁၂:၂၅ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာခင်မျိုးလှ)
၁၂:၄၅ ကန္တရဝတီ၏ ယဉ်ကျေးမှုအမွေ အနှစ်များ စုဝေးရာဆီသို့....
၁:၀၀ **ပုဂ္ဂိုလ်မြတ်တို့၏ နလုံးအိမ်** တရားတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် (ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Chatrium Dream Wedding-2)
၃:၃၀ သီးနှံစိုက်ပျိုးအထွက်တိုး **ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်**
၃:၃၅ လှုပကြော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
၃:၅၅ အရည်အသွေးတို့၏အစ ပထမ
၄:၀၅ မော်လမြိုင်ကောလိပ် ၁၉၇၃-၁၉၇၇ ဓာတုဗေဒမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ
၄:၂၅ Activities in the City (အင်းဝစာအုပ်တိုက်ခွဲ ဖွင့်လှစ်ခြင်း)
၄:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် ဆရာကြီးမန်းဝင်း မန်းဝင်း၊ လွဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၅:၀၅ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ် စားမယ် (HAN KANG Restaurant BBQ)
၆:၄၀ အနုပညာမိုးကောင်းကင် (ကြိုးကြာတောင်ပံခတ်သံ)
၇:၀၀ Fashion Music Festival Chatrium Dream Wedding(2)
၇:၄၀ အင်တာနက်လမ်းညွှန် (Net Star Internet Cafe)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (သရုပ်ဆောင်ဒွေး၏ ဇနီးမိုးမိုး နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၈:၅၅ သဘာဝကပေးတဲ့အကျိုးအာနိသင် ဆရာကြီးမန်းဝင်း မန်းဝင်း၊ လွဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ [(ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၉:၁၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၉:၂၅ Barclays Premier League **Blackburn Vs Liverpool**
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၇)
၁၁:၅၅ Barclays Premier League **Man City Vs Chelsea**
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Portsmouth Vs Burnley	ESPN (Live)
၉:၂၅	West Ham Vs Man Utd	ESPN (Live)
	Blackburn Vs Liverpool	STAR SPORTS (Live)
၁၀:၃၀	Arsenal Vs Stoke City	STAR SPORTS (SDD)
၁၁:၅၅	Man City Vs Chelsea	ESPN (Live)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၄

မအူပင် အထက(၁) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ကြမည်

မအူပင်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ကြရန် နှိုးဆော်ထားသည်။

ဘဝကိုပြောင်းလဲစေသောအရာများ စာအုပ်ဖြန့်ချိ

ဘဝရပ်တည်ချက်နှင့် ပတ်သက်၍ သဘောထားရပ်တည်ချက် ရွေးချယ်နိုင်ရန် ဘာသာပြန်ဆို ဖော်ပြထားသော မင်းဇထူး၏ ဘဝကို ပြောင်းလဲစေသောအရာများ စာအုပ်ကို ဖြန့်ချိထားရာ ရန်ကုန် ဖုန်း-၅၀၇၃၈၅နှင့် မန္တလေး ဖုန်း-၃၈၇၇၉ တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၂)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ

အထက(၂)စမ်းချောင်း၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်း စံပယ်ခန်းမဆောင် ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာမကြီးများနှင့် ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဗိုလ်တထောင် ... ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ နှင့် ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည် လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနခန်းမဆောင်၌ ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပုဂံညောင်ဦးအသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မွေသုခကျောင်း တိုက်၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးမြို့ အထက(၁၄) (၁၂)ကြိမ်မြောက် အာစရိယပူဇော်မည်

မန္တလေးမြို့ အထက(၁၄) (ယခင်ဖားသားလဖုန်းကျောင်း) ကျောင်းသားများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက်(သောကြာနေ့) ညနေ ၄နာရီတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၂×၈၃ လမ်းကြား ဖူကျင်ကွမ်ရင် ဗုဒ္ဓ ဘာသာဘုရားကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ထန်းတပင် အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကျောင်းသားကျောင်းသူဟောင်း များစုပေါင်း၍ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ထန်းတပင်အထက၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူ ဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အာရုပလာဇာဟိုတယ်၌ ဒီဇင်ဘာ၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပ မည်ဖြစ်သည်။ //

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဗန်းမော်မြို့နယ်၌ မြို့သာယာရေး စုပေါင်းသန့်ရှင်းဆောင်ရွက်

ဗန်းမော် ဒီဇင်ဘာ ၄

ဗန်းမော်မြို့နယ်၌ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ များ စုပေါင်း၍ မြို့သန့်ရှင်းသာယာရေးအတွက် နိုဝင်ဘာ ၃၀ရက်က မြို့လမ်းဘေးဝဲယာ ချုံနွယ်မြက်များအား စုပေါင်းသန့်ရှင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်က နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား တပ်မတော်သားတစ်ဦး ခံစားရသည့်အတိုင်း

လစာ၊ ရိက္ခာ၊ စစ်ဝတ်၊ ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝ ထောက်ပံ့ပေးလျက်ရှိ

ကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုကို တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံး ညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနှင့် တရားဝင်လက်နက် ကိုင်ဆောင်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခွင့် ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူ ဝမ်းမြောက်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူနေမှုဘဝတွင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရ ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ မိမိဒေသ၊ မိမိနယ်မြေ၌ နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား တပ်မတော်သားတစ်ဦး ရရှိခံစားရသည့်အတိုင်း လစာ၊ ရိက္ခာ၊ စစ်ဝတ်၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အပြည့်အဝ ထောက်ပံ့မှုများ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်၏ ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

နေ့ထူးနေ့မြတ်

ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီမှ ဦးပယ်စောက်ချိန်က အမှာစကားပြောကြားရာ၌ ယခုကဲ့သို့ ကိုးကန့်ဒေသ၌ နယ်ခြားစောင့်တပ် ဖွင့်လှစ်ရရှိတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက် တိုင်းရင်းသား လူမျိုးများအပေါ် တောင်ပေါ်/မြေပြန့် မခွဲခြားဘဲ အေးအတူ ပူအမျှ ဆက်ဆံ၍ တူညီသော အခွင့်အလမ်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ မိမိတို့ နယ်ခြားစောင့်တပ်မှ အလုများ တေးသီချင်းကို ကိုးကန့်ဘာသာဖြင့်သီဆို၍ တိုင်းရင်းသားရိုးရာအကများကို ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ တုံချိန်မြို့သစ် အထက်တန်းကျောင်းခန်းမ၌ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲကို ကျင်းပသည်။ ယခုကဲ့သို့ လောက်ကိုင်ခရိုင်၌ နယ်ခြားစောင့်တပ် ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် တိုင်းရင်းသားလူမျိုးများ၏ ရာဇဝင်သမိုင်းတွင် ထူးခြားသော ပြောင်းလဲမှုကြီးတစ်ရပ်အဖြစ် မော်ကွန်းတင် ကျန်ရစ်စေမည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တာဝန်များကို တပ်မတော်နှင့် ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ခွင့် ရနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်း တရားဝင် လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်အား ဂုဏ်ယူစွာထမ်းဆောင်နိုင်ခွင့် ရရှိပြီဖြစ်၍ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို အပြည့်အဝ အရာရှိ /စစ်သည် အပေါင်းတို့ကလည်း နိုင်ငံတော်အပေါ်၌သော်လည်းကောင်း၊ ပြည်သူလူထုအပေါ်၌သော်လည်းကောင်း အပြည့်အဝ သစ္စာရှိပြီး ရိုးသားကြိုးစားကာ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြစေရန် ဆုတောင်းမေတ္တာ ပို့သပါကြောင်းဖြင့် ပြောကြားသည်။

ပျော်ရွှင်စာဆင်နွှဲ

ယင်းနောက် နယ်ခြားစောင့်တပ် ဖွင့်လှစ်ပြီး နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူလူထုများနှင့်အတူ ပြည်ထောင်စု၏ ထာဝရ

သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆို

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

အခမ်းအနားတက်ရောက်ကြသူများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူအချို့ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တက်ရောက်လာကြသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ်/မြေပြန့် မခွဲခြားဘဲ အေးအတူ ပူအမျှဆက်ဆံ၍ တူညီသော အခွင့်အလမ်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ မိမိတို့ နယ်ခြားစောင့်တပ်မှ အရာရှိ /စစ်သည်အပေါင်းတို့ကလည်း နိုင်ငံတော်အပေါ် ၌သော်လည်းကောင်း၊ ပြည်သူလူထုအပေါ်၌သော်လည်းကောင်း အပြည့်အဝသစ္စာရှိပြီး ရိုးသားကြိုးစားကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်။

အမှာစကား ပြောကြား

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီမှ ဦးပယ်စောက်ချိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပျော်ရွှင်စွာ ဆင်နွှဲကြ

ရှမ်းပြည်နယ် (မြောက် ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ် ဖွဲ့ဝင်များ ဒေသခံပြည်သူလူထုနှင့် အတူ တိုင်းရင်းသား ရိုးရာ အကများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ဖွံ့ဖြိုးလာ

အီလက်ထရွန်နစ် မီဒီယာဖြစ်သည့် စီးပွားဖြစ် ရေဒီယိုအသံလွှင့်လုပ်ငန်းမှာ ၁၉၂၀ပြည့်နှစ်များတွင် စတင်၍ ဖွံ့ဖြိုးလာသည်။ ၁၉၃၀ပြည့်နှစ်များတွင် ရေဒီယိုသည် သတင်းဆက်သွယ်ရေး ကြားခံနည်းလမ်း သတင်းမီဒီယမ် (News Medium) တစ်ခုအဖြစ် ကျယ်ပြန့်စွာနေရာယူလာသည်။

ထုတ်လွှင့်နိုင်

ရေဒီယိုအသံလွှင့်ဌာနများသည် လုပ်ငန်းပိုင်းအရ နှစ်မျိုးနှစ်စားရှိသည်။ AM(Amplified Modulation) ခေါ် အသံချဲ့ညှိစနစ်နှင့် FM (Frequency Modulation) ခေါ် ကြိမ်နှုန်းညှိစနစ်တို့ ဖြစ်ကြသည်။ AM အသံလွှင့်စနစ်သည် အများဆုံးဖြစ်ပြီး အလွန်ဝေးကွာသော နေရာအထိ ထုတ်လွှင့်နိုင်သည်။ FM သည် AM ၏ တစ်ဆင့်ခံအဖြစ်လည်းကောင်း၊ ခရီးတိုအကွာအဝေး၌ လည်းကောင်း ထုတ်လွှင့်နိုင်ကြောင်း သိရသည်။

Golden Wave Co., Ltd. ဥက္ကဋ္ဌ ဒေါ်နန်းမောဝ်လောင်ဆိုင်နှင့် တာဝန်ရှိသူများ။

မည်သို့ပင်ဆိုစေကာမူ ရေဒီယိုက ဖျော်ဖြေရေးကို ပို၍ဦးစားပေး၏။ ရေဒီယို အသံလွှင့်အစီအစဉ်များတွင် တေးဂီတသည် အများဆုံးပါဝင်၏။ ကြီးမားသော အသံလွှင့်ဌာနများတွင် အသံလွှင့်ဇာတ်လမ်းများနှင့် သောတရှင်ပရိသတ်များပါ ပါဝင်နိုင်သော အစီအစဉ်များကို စီစဉ်ထုတ်လွှင့်ပေးသည်။ သတင်းကြေညာသည့် အစီအစဉ်များကိုလည်း အချိန်များများ ပေးလေ့ရှိသည်။ သတင်းသက်သက်သာမက သတင်းဝေဖန်ချက်များ၊ သုံးသပ်ဆန်းစစ်ချက်များနှင့် တွေ့ဆုံမေးမြန်းချက်များလည်း ပါရှိသည်။ (Radio Commercials) ဟုခေါ်သော ရေဒီယိုကြော်ငြာများကလည်း သောတရှင်များကို ဆွဲဆောင်သည်။ ဩဇာလွှမ်းမိုးမှု ရှိသည်။

သို့သော် လူထုဆက်သွယ်ရေးနည်းလမ်းများ၏ နယ်ပယ်အဝန်းကျယ်ပြန့်လာသည်နှင့်အမျှ ငယ်ကျွမ်းဆွေရေဒီယိုနှင့် ကာလအတန်ကြာ အဆက်အသွယ်ပြတ်တောက်သွားခဲ့ရသည်။

သမိုင်းတစ်ခေတ်

ယခုမူ သမိုင်းတစ်ခေတ် ဆန်းသစ်လာမှုနှင့်အညီ ငယ်ကကျွမ်းခဲ့ရသည့် ရေဒီယိုသည် ကျွန်တော်အပါအဝင် ပြည်သူများ၏ အိမ်ဦးခန်းသို့ လက်စွဲတော်အဖြစ် တစ်ကျော့ပြန်လည်ရောက်ရှိလာချေပြီ။ FM အသံလွှင့်ဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့၍ ဟိုမှာလဲ FM၊ ဒီမှာလဲ FM နှင့် အထူးရေပန်းစားလာသည်။ ရေဒီယိုများကား အထူးရောင်းအား ကောင်းလာခဲ့သည်။

သို့မို့ကြောင့် သတင်းအဖွဲ့သည် မျက်မှောက် FM Radio Station များအကြောင်း သိကောင်းစရာများကို ယမန်နေ့က တင်ပြခဲ့သည့် မန္တလေး FM ရေဒီယိုမှ စတင်၍ မိတ်ဆက်တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့တွင် ရွှေ FM ရေဒီယို (SHWE FM RADIO STATION) အကြောင်း သိကောင်းစရာများကို ဆက်လက်တင်ပြလိုက်ရပေသည်။

ရွှေ FM ကို ၂၀၀၉ခုနှစ် ဩဂုတ် ၁၅ရက်မှ စက်တင်ဘာ ၃၁ရက်အထိ စမ်းသပ်အသံလွှင့် ထုတ်လွှင့်ခဲ့ကာ အောက်တိုဘာ ၁ရက်တွင် Program အတိုင်း စတင်ထုတ်လွှင့်ခဲ့သည်။

လွှမ်းခြုံထား

လွှမ်းခြုံထုတ်လွှင့်သည့် ဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့ဖြစ်ကြသည်။ ပဲခူးတိုင်းတွင် ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပြည်၊ မင်းလှမြို့များဖြစ်ကြပြီး ထုတ်လွှင့်သည့် Frequency များမှာ ပဲခူးမြို့နှင့် မိုင် ၃၀ပတ်လည်သို့ (၈၉ ဒသမ ၈) MHz၊ ညောင်လေးပင်မြို့နှင့် မိုင်၃၀ပတ်လည်သို့ (၈၉ဒသမ ၅) MHz၊ ပြည်မြို့နှင့် မိုင် ၅၀ပတ်လည်၊ တောင်ငူမြို့နှင့် မိုင် ၅၀ပတ်လည်နှင့် မင်းလှမြို့နှင့် မိုင် ၅၀ပတ်လည်တို့သို့ (၈၉ ဒသမ ၈) MHz တို့ ဖြစ်ကြသည်။

ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် မိုင် ၂၀ပတ်လည်သို့ (၈၈ဒသမ ၉) MHz၊ မြဝတီမြို့နှင့် မိုင် ၂၀ပတ်လည်သို့ (၈၉ ဒသမ ၈) MHz တို့ ဖြစ်ကြသည်။

မွန်ပြည်နယ်တွင် မော်လမြိုင်မြို့နှင့် မိုင် ၃၀ပတ်လည်သို့ (၈၉ဒသမ ၈) MHz၊ ဘီးလင်းမြို့နှင့် မိုင် ၃၀ပတ်လည်သို့ (၈၈ဒသမ ၉) MHz တို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းတွင် ထားဝယ်မြို့နှင့် မိုင် ၃၀ပတ်လည်၊ မြိတ်မြို့နှင့် မိုင် ၃၀ပတ်လည်၊ ကော့သောင်းမြို့နှင့် မိုင် ၂၀ပတ်လည်တို့သို့ (၈၉ဒသမ ၈) MHz တို့ ဖြစ်ကြသည်။

ဆက်သွယ်နိုင်

GOLDEN WAVE CO.,Ltd. ဥက္ကဋ္ဌ ဒေါ်နန်းမောဝ်လောင်ဆိုင်က "ရွှေ FM မှာ လက်ရှိ ဝန်ထမ်းအင်အား ၆၂ဦးရှိပြီး ကိုမင်းချစ်သူ၊ ကိုစောခူဆဲ၊ ဦးသစ်မင်း၊ ဦးစင်ရော်မောင်မောင် စတဲ့ အနုပညာရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံခြားမှ ပညာရှင်များ ပူးပေါင်းပြီး နေ့စဉ်အသံလွှင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ဖျော်ဖြေရေး ရသစုံလင်သာမက ပညာပေးအစီအစဉ်၊ ဗဟုသုတ၊ အားကစား၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု စသည့် အစီအစဉ်များ အပါအဝင် ကဏ္ဍစုံလင်စွာ ထုတ်လွှင့် ပေးလျက်ရှိကြောင်း၊ မွန်၊ ကရင်တိုင်းရင်းသားဘာသာများကိုလည်း ထုတ်လွှင့် ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် Channel တစ်ခုစီဖြင့် ထုတ်လွှင့်သွားမည် ဖြစ်ပြီး ကြော်ငြာများထည့်သွင်းလိုပါက အမှတ် ၁၃၁၊ ၁၃၃ ဗိုလ်တထောင် ဘုရားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၁၀၉၃၊ ၀၉-၈၅-၆၆၂၇၁နှင့် ၀၉-၈၅-၇၀၄၀၈တို့သို့ ဆက်သွယ်နိုင်ကြောင်း" ရှင်းလင်းပြောကြားပါသည်။

ရွေးချယ်ထုတ်လွှင့်

Program Director တေးရေး မင်းချစ်သူကလည်း "ရွှေ FM ကို ကိုယ်ပိုင်ဟန်သစ်တစ်ခုအဖြစ် နံနက်ခင်း သီချင်းမှ ညနေသီချင်းအထိ ရွေးချယ် ထုတ်လွှင့်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရေဒီယိုသဘောသဘာဝက အလုပ်အကိုင်မပျက်ဘဲ သီချင်းတွေကို နားဆင်နိုင်တယ်၊ သတင်းတွေကိုလည်း အာရုံစူးစိုက်ပြီး နားထောင်နိုင်တယ်။ သီချင်းခွေဖွင့်ထားတဲ့အတိုင်း မဟုတ်ဘဲ ရသစုံ၊ ကဏ္ဍစုံကို နားဆင်နိုင်ပါတယ်။ ဒေသအသီးသီးက ပြည်သူများအနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသံလွှင့်ထုတ်ချက်တွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ကြားသိရမှာဖြစ်တဲ့အတွက် အများကြီး အကျိုးရှိမှာပါ။ ဒေသအသီးသီးက ပြည်သူများအနေနဲ့လည်း ရွှေ FM ကို လက်ခံ အားပေးနားဆင်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒီအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟူ၍ ပြောကြားပါသည်။

ကျွန်တော်သည်ရွှေ FMသို့ ရောက်တုန်းရောက်ခိုက် အသံလွှင့်ထုတ်လုပ်မှု၊ အသံတည်းဖြတ်မှုတို့ကိုလည်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ပါသေးသည်။

ဆက်လက်ထုတ်လွှင့်

ရွှေ FM အသံလွှင့်အစီအစဉ်ကို နေ့စဉ် နံနက် ၆နာရီမှ ည ၁၀နာရီအထိ အသံလွှင့် ထုတ်လွှင့်ပေးလျက်ရှိပြီး "ရွှေဒေသအမေး ရွှေ FM က အဖြေ၊ ကြိုတင်နားဆင် ရွှေသံစဉ်၊ ရွှေဆုမွန်၊ Shwe Football၊ Shwe Top 10 Series၊ Shwe Top 5 Myanmar Video၊ Popular တွေ ရွေးပေး ရွှေသီချင်းတေး၊ ကိုယ်တိုင်ရွေးချယ် တေးဆိုမယ်၊ လင်းလက်နေသော ရွှေကြယ်ပွင့်များ၊ ရွှေရုပ်ရှင်၊ တွေ့ဆုံရင်ခုန် ကြယ်ရောင်စုံ၊ Shwe Star Couple၊ ရွှေဒေသနှင့် ရွှေကြယ်ပွင့်များ၊ ရွှေရင်ပြင်သတင်း၊ ရွှေအားကစား၊ နိုင်ငံရပ်ခြား ရွှေသီချင်းများ၊ သူ့သီချင်းသူ့အကြောင်း၊ ငယ်သူတို့ချစ်ခြင်း သီချင်းပုံပြင်၊ ရွှေဒေသဖွံ့ဖြိုးရေး အစီအစဉ်၊ ရွှေဒေသကျန်းမာရေး၊ ရွှေအသစ်များ၊ ရွှေရင်သွေး၊ ပြောင်းလဲစီးဆင်းရွှေသီချင်းနှင့် ကံကောင်းခြင်းအတွက် ရွှေလက်ဆောင်" စသည့် Program အစီအစဉ်များကို တင်ဆက်ထုတ်လွှင့် ပေးလျက်ရှိသည်။ ဆက်လက်၍ ရွှေစာကြည့်တိုက်၊ ရွှေခရီးစဉ်နှင့် ရွှေ Kid's အစီအစဉ်များကို ပိုမိုကောင်းမွန်သော အစီအစဉ်များဖြင့်လည်း ဆက်လက် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း FM ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ ဆယ်ကျော်သက်လူငယ်များသည်လည်း အရှိန်အဟုန်ဖြင့် လိုက်ပါစီးမျောလျက်ရှိလာကြ၏။

ထုတ်လွှင့်ပေးနေ

ရန်ကုန်မြို့နေ Radio FM ပရိသတ်တစ်ဦးဖြစ်သည့် မဇေရီက "FM အစီအစဉ်တွေ အများကြီးတိုးတက်ထုတ်လွှင့်လာတဲ့အတွက် သမီးတို့အရမ်းပဲ

ရွှေ FM ရေဒီယို အသံတည်းဖြတ်ခန်း။

ကျေနပ်နေကြပါတယ်။ ကဏ္ဍစုံလင်တဲ့ Program တွေကို တစ်နေကုန်နားထောင်ရတဲ့အတွက် အရမ်းကြိုက်ပါတယ်။ ဒေသအသီးသီးမှာ Channel အလိုက် ထုတ်လွှင့်ပေးနေတဲ့အတွက် ခရီးသွားတိုင်း Radio ယူသွားမှ ဖြစ်တော့မယ်"ဟု ဝမ်းမြောက်ဝမ်းသာ ပြောကြားပါသည်။

ကျင်းပမည်

မှန်ပေသည်။ ရွှေ FM သည် သောတရှင် ပရိသတ်များပါ ပါဝင်နိုင်သော ပွဲလမ်းသဘင်များကို စီစဉ်ကျင်းပလျက်ရှိသည်။ ယခုလည်း ဆယ်ကျော်သက်အရွယ် အသက်(၁၆)နှစ်နှင့်အထက် မည်သူမဆို ယှဉ်ပြိုင်နိုင်သည့် ကရင်ဘာသာတေးသံရှင်သစ် ရွေးချယ်ပွဲကို ကျင်းပပေးလျက်ရှိရာ ပဏာမရွေးချယ် အသံစစ်ပွဲကို ယခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ ကန်သာဦးခန်းမ၌ ကျင်းပပေးခဲ့ပြီး နောက်ဆုံးအဆင့်ယှဉ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကိုမူ ဒီဇင်ဘာ ၁၂ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စီးမျောလိုက်ပါ

သို့ဖြစ်၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့မှ ဒေသခံလူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများသည် ရွှေ FM အသံလှိုင်းများကို နေ့စဉ်နားသောတဆင်နိုင်ကြပြီဖြစ်ပြီး မျက်မှောက် FM ယဉ်ကျေးမှုရေစီးအတွင်း စီးမျောလိုက်ပါနိုင်ကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

(သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၇) ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၇)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

အလှူငွေလက်ခံ

အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနရှိ ဌာန၊ လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများ၏ ဝန်ထမ်းများက စုပေါင်းလှူဒါန်းငွေကျပ် ၂၉သိန်း ၃ သောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၅သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ် သိန်း ၅၀တို့ကို လှူဒါန်းကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅သိန်း၊ စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် သိန်း ၄၀၀၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်-ဒေါ်အေးအေးထွန်းတို့က ငွေကျပ် သိန်း ၂၀၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း-ဒေါက်တာဒေါ်စန္ဒာအောင်တို့က ငွေကျပ် ငါးသိန်း၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းများက ငွေကျပ် ၁၅ သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြသင်း(ငြိမ်း)-ဒေါ်မေညွန့်ရီ သားသမီးမြေးတစ်စုက ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်အရာရှိချုပ် ဒေါက်တာနိုင်ထွဋ်အောင် Gateways Group of Company က ငွေကျပ် သိန်း ၂၅၀၊ ဒေါက်တာနိုင်ထွဋ်အောင်-ဒေါက်တာဝေဝေရင်၊ သား မောင်ရန်ငြိမ်းအောင်၊ မောင်မိုးမြတ်အောင် မိသားစုက ငွေကျပ် သိန်း ၆၀၊ ဦးအုန်းကျော် (မက်စ်မြန်မာ) ကုမ္ပဏီက ငွေကျပ် ၃၅သိန်း၊ ဦးဝင်းနိုင်၊ ဒေါ်သန်းသန်းဆွေမိသားစု (WEG ကုမ္ပဏီ)က ငွေကျပ် ၂၇သိန်း၊ ဦးတင့်ဆန်း အေစီအီးဆောက်လုပ်ရေးက ငွေကျပ် ၂၅ သိန်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဒေါက်တာကျင်ရီနှင့် ဒေါ်အေးအေးခိုင် မိသားစုက ငွေကျပ် ၂၅သိန်းတို့ကို လှူဒါန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးစိန်လှ-ဒေါက်တာညိုညိုဝင်း၊ သားကြီး မောင်ဇင်ထက်ကျော်၊ သားငယ် မောင်ကောင်းမင်းခန့်၊ သမီးလေး ဟန်ဆုစန္ဒီမိသားစုက ငွေကျပ် ၂၅သိန်း၊ ဗိုလ်ကြီးသောင်းရှိန်(ငြိမ်း)(မထသဥက္ကဋ္ဌ)-ဒေါ်ခင်သန်းနွယ်မိသားစု၊ ဦးနေအောင် (IGE ကုမ္ပဏီ)၊ ဦးအောင်ဇော်နိုင် (ရွှေတောင်ကုမ္ပဏီ)၊ ဦးပြည့်ဖြိုးအောင် (မိုးကြယ်စင်ကုမ္ပဏီ)၊ ဦးသက်တင်ဝင်း (Moon Ray ကုမ္ပဏီ)တို့က ငွေကျပ် သိန်း ၂၀စီတို့ကို လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးသိန်းအောင် (သိန်းကုမ္ပဏီ)၊ ဦးစိုင်းတစ်အောင် (နောင်တိုကုမ္ပဏီ)၊ ဦးသန့်စင် (ဟန်စိန်သန့်ကုမ္ပဏီ) တို့က ငွေကျပ် သိန်း ၂၀စီ၊ ဦးသာဌေး (Original Group ကုမ္ပဏီ)၊ ဦးရှိန်ဝင်း (တက်လမ်းကုမ္ပဏီ)၊ ဦးစောလွင် (ဒေါ်တင်ကြည်)၊ ဦးကျော်နိုင်(ခ)ဦးကြံ့ရှင်-ဒေါ်မြင့်မြင့်သန်း၊ သား မောင်အောင်မြတ်ဖြိုး၊ မောင်အောင်ကိုထိုက်တို့က ငွေကျပ် ၁၅ သိန်းစီတို့ကို လှူဒါန်းရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးဒေါ်လင်းလင်းတင်၊ အဖွဲ့ရုံး အရာထမ်း၊ အမှုထမ်းမိသားစု (ဂျီနီဗာ)က အမေရိကန်ဒေါ်လာ ၁၂၀၀၊ ဦးသိန်းအောင်-ဒေါ်ရီရီအေး တက်နေဝင်းရေခဲမုန့်နှင့် နို့အေးချောင်းမိသားစုက ငွေကျပ် ၁၂သိန်း ၅ သောင်း၊ ကွယ်လွန်သူ (ဦးစိုးဝင်း) (ဒေါ်ကျင်ထွေး)တို့အားရည်စူး၍ ရွှေမြန်မာငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော်ထီဆိုင်မိသားစုတို့က ငွေကျပ် ၁၂သိန်း ၅သောင်း၊ ကွယ်လွန်သူ ဦးစစ်ရှော်-ဒေါ်ယုံ၊ ဦးကာခက်-ဒေါ်ချို၊ ဦးစင်းရာ-ဒေါ်အာမွေတို့အား ရည်စူး၍ ဦးချောက်ချက်၊ ဒေါ်ကြည်မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးစိန်လှိုင် Diamond Mercury Co.,Ltd.၊ ဦးရန်ဝင်း အေဝမ်းကုမ္ပဏီတို့က ငွေကျပ် ၁၀သိန်းစီ လှူဒါန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးသိန်းဝင်း (ရွှေသပြေကုမ္ပဏီ)၊ ဦးသက်လင်း (တီဇက်တီအမ်ကုမ္ပဏီ)၊ ဦးမျိုးအောင်-ဒေါ်မျိုးမျိုးမင်း (ယုပန်းမြိုင် မြေယာရှင်းကုမ္ပဏီ)၊ ဦးအောင်ထွေး (Golden Flowerကုမ္ပဏီ)၊ ဦးချစ်ခိုင် (ဒေဝင်ဆောက်လုပ်ရေးကုမ္ပဏီ) တို့က ငွေကျပ် ၁၀သိန်းစီ၊ နေပြည်တော် သစ် သယ်ယူပို့ဆောင်ရေးအဖွဲ့က ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရည်စူးလှူဒါန်း

ဆက်လက်ပြီး ဦးနေဝင်းအောင် (သော်တာဝင်းကုမ္ပဏီ)၊ Asia World ကုမ္ပဏီ၊ ကွယ်လွန်သူ အဖ ဦးအရင်၊ အမိ ဒေါ်နွမ်းတို့အားရည်စူး၍ သားသမီး မြေးမြစ်တစ်စု၊ ဦးတိုးအောင်၊ ဒေါ်ခင်လေး မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်မောင်ထွန်းနှင့် မိခင်ကြီး ဒေါ်လှမြင့်(ခ) ဒေါ်မာဂရက်ထွန်းတို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ဒေါ်ခင်သီထွန်း၊ ဦးစန်းလွင်ထွန်း၊ ဦးအောင်မြင့်ထွန်းတို့နှင့် သားသမီးမြေးများ၊ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်မိုး-ဒေါ်နိုင်နိုင်အောင်၊ သား မောင်အောင်ကောင်းခန့်၊ မောင်ညီထွန်းမိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို လှူဒါန်းရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ထံ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၇)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် ဦးခင်ဇော်၊ ဒေါ်ခင်အေးကြူ သမီး မဖူးပွင့်သိမ့်မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးအုန်းမောင်အားရည်စူး၍ ဒေါ်ခင်ရီမိသားစု၊ ဦးစိန်လှိုင်-ဒေါ်မြင့်မြင့်အောင်(စွယ်တော်နီဗွာန်ကုန်ဆိုင်နှင့် သက်န်းတိုက်)၊ ပန်းသီကုမ္ပဏီ၊ ကွယ်လွန်သူ ဦးပု-ဒေါ်ညွန့်နှင့် အဒေါ် ဒေါ်အေးကြည်တို့အား ရည်စူး၍ ဦးခင်လှ-ဒေါ်ခင်မေကြည် မိသားစုက ငွေကျပ်ငါးသိန်းစီ၊ အက်စ်ပီဒင် ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတို့ကို လှူဒါန်းရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၁၇)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၈၁ ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၁၈၆၆ သိန်း ၃ သောင်း၊ အမေရိကန်ဒေါ်လာ ၁၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဝိုင်းဝန်းကူညီ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပထမဦးစားပေးအဖြစ် ကျေးရွာများ၌ ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေဖူလုံရေးအတွက် ကျေးရွာခင်းကျင်းပြသထားသည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

စာရင်းကောက်ယူ

၁၉၉၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ ရေခက်ခဲသော ကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာ၏ အိမ်ခြေလူဦးရေပေါ်မူတည်ပြီး စက်ရေတွင်းများ ကျေးရွာတစ်ရွာလျှင် တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက်တူးဖော်ပေးရန် လိုအပ်နေသေးကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များသည် ပေါင်း ၈၀၄၂ ရွာနှင့် အခြားပြည်နယ်/တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ ရွာ၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု စာရင်းကောက်ယူရရှိခဲ့ကြောင်း။

ယခုအချိန်တွင် အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာ (၁၀၀ ရာခိုင်နှုန်း)ကို လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများမှ ကျေးရွာ ၁၄၉၇၉ ရွာ (၉၉ ရာခိုင်နှုန်း)ကို လည်းကောင်း သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပြည်နယ်နှင့် တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၀၂၁ ရွာ (၉၉ ရာခိုင်နှုန်း)ကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်ပေး

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက် ရေပေးရေးလုပ်ငန်းများအတွက် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းငွေကျပ် ၈၄၁၈ ဒသမ ၁၄ သန်း သုံးစွဲခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၄၁ ဒသမ ၈သန်း လျာထားသုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်း သုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၌ ၃၄ မြို့နယ်၊ မကွေးတိုင်း၌ ၂၅မြို့နယ်၊ မန္တလေးတိုင်း၌ ၂၃မြို့နယ်၊ စုစုပေါင်း မြို့နယ် ၈၂ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေရန် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းမှ နှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဒီဇင်ဘာလ ဒုတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ အဋ္ဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ အဋ္ဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံကို ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ နံနက် ၉ နာရီမှစတင်၍ ကဏ္ဍအလိုက် စာတမ်းများကို ဖတ်ကြားမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါ ညီလာခံတွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စာတမ်း ၁၉ စောင်ကို နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ စာတမ်း ၁၇စောင်ကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စာတမ်း ၁၈ စောင်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ လည်းကောင်း ဖတ်ကြားကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

စာဂုဏ်ကျေးဇူး. . . မြင်းမိုရ်ဦးသို့

စာအုပ်စာပေ၊ လူ့မိတ်ဆွေတည့်
စာပေမြင့်မှ၊ တင့်စွလူမျိုး
မညှိုးဂုဏ်အင်၊ စွဲမှတ်ထင်၍
ရင်မှာတရား၊ နှုတ်ဖျားလင်္ကာ
ဖွဲ့တည်ပါ၏၊ မြန်မာလူယဉ်ကျေးပေကို။

ဆိုရေးရှိက၊ ဆိုအပ်လှ၏
ဆိုစများပြား၊ ထားပချောဘိ
ငါ့ဝန်ရှိဟု၊ ကဝိအမွန်
စာဆိုတံခွန်တို့၊ လမ်းညွှန်ဟောပြ
သမယတည့်၊ ထူးစွနတ်တော်လပေကို။

တော်တည့်မှန်စွာ၊ စာပေဝတ္ထု
ရတုကဗျာ၊ ပျို့လင်္ကာနှင့်
သာသည့်သီချင်း၊အဲစောင်းညှင်းနှင့်
မယွင်းမချွတ်၊ မလွတ်လေ့ကျက်
မပျက်နှေ့ညာ၊ သုတရသ
အာဟာရတို့၊ ပြည့်ဝစေမှု
အစဉ်ပြုသည်၊ သောင်းထုဗိုလ်ခြေအားပေကို။

လဆန်းတစ်ရက်၊ မပျက်စဉ်လာ
မင်္ဂလာတည့်၊ စာဆိုနှင့်စာ
စာနှင့်စာဆို၊ ရှိသေမြတ်နိုး
စုံမိုးကော်ရော်၊ ပူဇော်အလေ့
စဉ်မမေ့သည် သိမ်မွေ့မြန်မာမျိုးပေကို. . . .။ ။

ကျော်သူစိုး(စာပေဗိမာန်)

ဆေးတက္ကသိုလ် (၂) ကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၄

ဆေးတက္ကသိုလ်(၂)၌ ၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ်များတွင် အတူတကွ စတင်ပညာသင်ကြားခဲ့ကြသော (ပထမအမ်ဘီအတန်းများ) ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ပေးပို့လှူဒါန်းလိုပါက ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-၅၀-၄၁၉၃၄၊ ဒေါက်တာ လွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ဒေါက်တာသန်းသန်းစု ဖုန်း-၀၉-၅၁-၁၂၃၁၁၊ ဒေါက်တာ မြသန္တာစိန် ဖုန်း-၀၉-၅၁-၀၉၄၅၀၊ ဒေါက်တာနုနုလင်း ဖုန်း-၀၉-၅၁-၀၄၀၄၂၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၃၅၅၇၇၊ ဒေါက်တာ မြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈၊ ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ဒေါက်တာ မောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာခိုင်မာမြင့် ဖုန်း-၀၁-၅၃၅၇၄၄၊ ဒေါက်တာ ဇော်ဇော်ဦး ဖုန်း-၀၉-၅၀-၂၇၆၅၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

The Live News ယခုအပတ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၄

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ် (၁၅၈)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ အဖိုးတန်ရတနာရှင်၊ မြင်းမူမောင်နိုင်မိုး၏ နိုင်ငံတကာစုံညီစွာ ကဗျာရွတ်တဲ့ပွဲ၊ နီမင်းဆွေ၏ သွားတမန်ပြန်ရှေ့နေ၊ တက္ကသိုလ်မောင်သုလှိုင်၏ ပုဂံမင်းဆက်များရာဇဝင် (၉)၊ သန့်စင်လတ်(ပညာရေး)၏ နိုင်ငံ့ဂုဏ်ရည်ပန်းအလှတွေနဲ့ လျှမ်းပဝေတဲ့မြတ်ဆရာ၊ မိုးမြင့်လွင်၏ ကျွန်တော့်ဘဝကျခဲ့ရသောမျက်ရည်စက်များ၊ နီငြိမ်း (အညာတက္ကသိုလ်)၏ အာရှအရှေ့ဖျားမှ တိုးတက်ထွန်းကား ကိုရီးယား အပိုင်း (၃)၊ အာရှမိုး၏ လုံးချာလည်လိုက် ဂျာအေးသူ့အမေရိက်နေတဲ့ အမေရိကန်စီးပွားရေး၊ ထွဋ်ဝင်းထွဋ်၏ ဗြိတိန်နိုင်ငံသားတွေ ပြည်ပမှ အခြေချလာရောက်မည့်သူများကို လက်မခံချင်ကြ၊ နိုင်ငံတကာ ရွှေ့ပြောင်းလုပ်သား စွမ်းပကား၊ ဒူဘိုင်းမှာ အကြွေးတွေပိုင်းနေပြီ -အိမ်ဝယ်ထားတဲ့ ဘက်ခမ်းနဲ့ ဘရက်ပစ်တို့ အရှုံးပေါ်နေ၊ မုန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့ အိုဘားမားရဲ့ပေကျင်းခရီးစဉ်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ အီရတ်စစ်ပွဲမှာဝင်ပါဖို့ တိုင်းပြည်ကိုအကြိမ်ကြိမ်လိမ်ညာခဲ့၊ စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ရဦးမည့် အေပက်၊ စူထွက်နေတဲ့ ဝမ်းဗိုက်ထဲမှ ကိုကင်းဖ်၇ထုပ် ဖမ်းဆီးရမိ၊ ဖိလစ်ပိုင်မှာ အစုလိုက် သတ်ဖြတ်မှုကျူးလွန် ခဲ့သူတွေကို ဖမ်းဆီးတရားစွဲပြီ၊ ကမ္ဘာကြီးကိုကယ်တင်ဖို့ အသား လျှော့စားကြပါစို့၊ ရှဉ့်မလေးရဲ့ မိခင်မေတ္တာ၊ ကမ္ဘာ့ငွေကြေးလဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး မြန်မာ့ရွှေဈေး၊ မြဝတီ ရုပ်မြင်ပေါ်ကရုပ်ရှင်၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ့ အိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင်-၅၈၅၀၊ ခြောက်လ- ၂၆စောင် ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁နှင့် Market Care (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ခြေစွမ်းပြအနိုင်ရခဲ့တဲ့ ဇေယျာရွှေမြေနှင့် သရေတစ်မှတ်စီခွဲယူခဲ့ရတဲ့ ဆောက်သမ်းမြန်မာနဲ့ ကမ္ဘောဇအသင်း

သတင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

အကောင်းဆုံးဆုရ ဇေယျာရွှေမြေအသင်းမှ မျိုးကျော် ။

ရန်ကုန် ဒီဇင်ဘာ ၄

MNLအရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက ပဒုမ္မာကွင်းနဲ့ စလင်းကွင်းတို့မှာ ဆက်လက်ကျင်းပခဲ့ရာမှာ ဇေယျာရွှေမြေအသင်းက ခြေစွမ်းပြကာ ဒဲလ်တာယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ပေမယ့် ဆောက်သမ်းမြန်မာနဲ့ ကမ္ဘောဇအသင်းတို့ကတော့ ဂိုးမသွင်းနိုင်ကြဘဲ သရေတစ်မှတ်စီဖြင့်သာ ကျေနပ်ခဲ့ရပါတယ်။

(ပဒုမ္မာကွင်း)

ဇေယျာရွှေမြေအသင်း-နှစ်ဂိုး

မျိုးကျော်၊ သန့်ဇင်ဦး

ဒဲလ်တာယူနိုက်တက်အသင်း-ဂိုးမရှိ

အကောင်းဆုံးဆု မျိုးကျော်

(ဇေယျာရွှေမြေအသင်း)

နှစ်သင်းစလုံး လူငယ်ကစားသမားအများစုနဲ့ ပွဲထွက်လာတာတွေ့ရပါတယ်။ ဇေယျာရွှေမြေအသင်းက ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့ပါတယ်။ ကစားပုံလည်းကောင်းပြီး အဆုံးသတ်ကောင်းလို့ နှစ်ဂိုးပြတ်သွင်းကာ အနိုင်ရရှိခဲ့ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်းကတော့ ကစားပုံမကောင်းဘဲ အပျက်များခဲ့ပါတယ်။ ရရှိတဲ့အခွင့်အရေးတွေကိုလည်း အသုံးချနိုင်ခြင်းမရှိခဲ့ပါဘူး။ ပထမပိုင်းမှာ အပြန်အလှန်ယှဉ်ကစားနိုင်ပေမယ့် ဒုတိယပိုင်းမှာ ကစားအားကျသွားပါတယ်။ ချေပဂိုးတစ်ဂိုးမှပြန်မသွင်းနိုင်လို့ အရှုံးပေးခဲ့ရပါတယ်။ ဇေယျာရွှေမြေအသင်းက ပွဲစသည်နှင့် စတင်ဖိကစားခဲ့ကာ ဒဲလ်တာယူနိုက်တက် အသင်းကလည်း ပြန်လည်ထိုးဖောက် တိုက်စစ်ဆင်ခဲ့ပါတယ်။ ဂိုးသွင်းခွင့်များလည်းရရှိခဲ့ပြီး ၁၇ မိနစ်တွင်မှာတော့ ဇေယျာရွှေမြေအတွက် ပထမဂိုးကို မျိုးကျော်ကသွင်းပေးခဲ့ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်း ဂိုးပေးလိုက်ရပြီး ချေပဂိုးရရှိရေး ပိုမိုကြိုးပမ်းခဲ့ရာမှာ ပွဲကအကြိတ်အနယ်ရှိလာပါတယ်။ ဒါပေမယ့် အဆုံးသတ်အားနည်းမှုတွေနဲ့ ဂိုးမဖြစ်ခဲ့ပါဘူး။ ဇေယျာရွှေမြေကလည်း အခွင့်အရေးများကို ထပ်မံအသုံးမချနိုင်လို့ ပထမပိုင်းမှာ တစ်ဂိုးအသာနဲ့ဦးဆောင် ခဲ့ပါတယ်။ ဒုတိယပိုင်းမှာ နှစ်ဖက်စလုံးဂိုးရရှိအောင် ကြိုးစားခဲ့ပေမယ့် ဂိုးတော့ မရကြပါဘူး။ တဖြည်းဖြည်းနဲ့ ဒဲလ်တာယူနိုက်တက် ကစားအားကျလာပြီး ဇေယျာရွှေမြေက အသာရရှိလာပါတယ်။ မိနစ် ၈၀မှာ ဇေယျာရွှေမြေမှ သန့်ဇင်ဦးက အနိုင်သေချာစေမယ့် ဒုတိယဂိုးကိုသွင်းခဲ့ပါတယ်။

ဇေယျာရွှေမြေအသင်း တိုက်စစ်ကို ဒယ်လ်တာယူနိုက်တက် နောက်ခံလူများ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ဒီနောက်မှာ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြတော့ဘဲ နှစ်ဂိုး-ဂိုးမရှိဖြင့် ပွဲသိမ်းခဲ့ပါတယ်။

(စလင်းကွင်း)

ဆောက်သမ်းမြန်မာအသင်း - ဂိုးမရှိ

ကမ္ဘောဇအသင်း - ဂိုးမရှိ

၅-၁၂-၂၀၀၉ရက် ညနေ ၃နာရီခွဲ

(ပဒုမ္မာကွင်း)

မကွေးအသင်း-ရန်ကုန်ယူနိုက်တက်

(စလင်းကွင်း)

ဥသာယူနိုက်တက်-

ဇေယျာရွှေမြေအသင်း

(မြန်မာ့အလင်း)

(၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား လင်းခေး၌ ကျင်းပ

လင်းခေး ဒီဇင်ဘာ ၄

၂၀၀၉ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၆ နာရီခွဲတွင် လင်းခေး မြို့နယ် နွယ်ဝတီခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော ၂၀၀၉ခုနှစ် (၈၉) နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ ဆက်)

အခွန်ဆိုင်ရာ ကိစ္စရပ်များ ပညာပေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၄

နေပြည်တော်ပျဉ်းမနား မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ဒုတိယအကြိမ် အခွန်ဆိုင်ရာ ထပ်ဆင့်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ရက် ညနေ ၃နာရီက နေပြည်တော်ပျဉ်းမနား မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စားသောက်ဆိုင် လုပ်ငန်းရှင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ နေပြည်တော်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်က အခွန်သဘောတရားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းနိုင်ဦးက စားသောက်ဆိုင်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါပြဋ္ဌာန်း သတ်မှတ်ချက်များ၊ အခွန်ဆိုင်ရာ စီမံချက်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လုပ်ငန်းရှင်များနှင့် ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(အခွန်ဦးစီး)

မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းနိုင်ဦးက အခွန်ဆိုင်ရာ စီမံချက်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(အခွန်ဦးစီး)

ကမ္ဘာ့ခရီးသွားဆု ၂၀၀၉ခုနှစ် ဆီဒိုးနားဟိုတယ်(ရန်ကုန်) က ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၄

ကမ္ဘာတစ်ဝန်းရှိ ခရီးသွား ကိုယ်စားလှယ်အဖွဲ့များ၏ ရွေးချယ်မှုဖြင့် ၂၀၀၉ခုနှစ် ကမ္ဘာ့ခရီးသွားဆု တစ်ဆုဖြစ်သော Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)ကထပ်မံရရှိသွားသည်။ ဆီဒိုးနားဟိုတယ် (ရန်ကုန်)အနေဖြင့် အဆိုပါဆုကို ယမန်နှစ်နှင့် ယခုနှစ်တို့တွင် နှစ်နှစ်ဆက်တိုက် ရရှိခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွားဆု အစီအစဉ်ကို၁၉၉၃ ခုနှစ်ကတည်းက စတင်ချီးမြှင့်ခဲ့ရာ (၁၆) နှစ်ရှိပြီဖြစ်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းများအကြားတွင် အထူးထင်ရှားသော အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများက ရွေးချယ်ခံရရန် အလွန်မျှော်လင့်လျက်ရှိသော ဆုလည်း ဖြစ်သည်။

အကဲဖြတ်

၎င်းဆုကို ရွေးချယ်နိုင်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ကျော်မှ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားကိုယ်စားလှယ်အဖွဲ့များ၊ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ စုစုပေါင်း ၁၈၃၀၀၀ကျော်တို့မှ ခရီးသွား ကျွမ်းကျင်ပုဂ္ဂိုလ်များက ဝိုင်းဝန်းအကဲဖြတ် ဆန္ဒပြုခဲ့ခြင်းဖြစ်ပြီး ဆုအမျိုးအစားပေါင်း ၉၁၉ခု ရှိသည်။ ''၎င်း ခရီးသွားဆုသည် ကမ္ဘာ့ဒေသစုံ၊ကဏ္ဍစုံရှိ ခရီးသွားလုပ်ငန်းများမှ အကောင်းဆုံး အရည်အသွေးများအတွက် ရွေးချယ်ပေးအပ်သည့် တစ်ခုတည်းသော ဂုဏ်ထူးဆောင်ဆုဖြစ်သည်'' ဟု ကမ္ဘာ့ခရီးသွားဆု အစီအစဉ်တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဖြစ်သူMr. Graham E. Cooke က ပြောကြားသည်။

ဆုလက်ခံယူ

(၁၆)ကြိမ်မြောက် World Travel Awards ဆုချီးမြှင့်ပွဲကို The Five-Star Grosvenor House, a JW Hotel in London၌ နိုဝင်ဘာ ၇ရက်က ကျင်းပရာ ဆီဒိုးနားဟိုတယ်(ရန်ကုန်)မှ အထွေထွေမန်နေဂျာ Mr. Saman Sarathchan-draက Sedona Hotel Yangon, Myanmar's Leading Hotel အတွက် တက်ရောက် ဆုလက်ခံယူခဲ့သည်။

(အောက်ဝဲပုံ)

ကျင်းပခဲ့

၎င်းက ယခုကဲ့သို့ ကမ္ဘာ့ခရီးသွားဆု၏ Myanmar's Leading Hotel ဆုကို နှစ်နှစ်ဆက်တိုက် ရရှိသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၎င်းဆုသည် အုပ်ချုပ်သူနှင့် ဟိုတယ်ဝန်ထမ်းများ၏ ရည်မှန်းချက်တစ်ခုဖြစ်ပြီး စွမ်းဆောင်ရည် အပြည့်ဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၏ သက်သေပင် ဖြစ်ကြောင်း၊ အကျပ်အတည်းများကြားမှ ခက်ခဲစွာ ဆောင်ရွက်နေရသော်လည်း ဟိုတယ်၏ ဝန်ဆောင်မှုများကို လုံးဝမလျှော့ကျစေခဲ့မှုများကြောင့် ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်ကြောင်း၊ ထို့အပြင် ဟိုတယ်ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်ရည်ပြည့်ဝမှုကို ယခုကဲ့သို့ အသိအမှတ်ပြုခံရ၍လည်း အထူးဂုဏ်ယူမိကြောင်း၊ မိမိတို့ဟိုတယ်၏ ဝန်ဆောင်မှု အဆင့်အတန်းကို နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပြသနိုင်ရုံသာမက မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကိုကမ္ဘာ့အလယ်၌ ပိုမိုလူသိများထင်ရှားလာစေရန် မြှင့်တင်ပေးရာလည်းရောက်ပါကြောင်းဖြင့် လန်ဒန်မြို့တွင် ကျင်းပခဲ့သော ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ် ဆွဲကြီးကျေးရွာစာကြည့်တိုက်သို့ စာအုပ်နှင့်ဂျာနယ်မျိုးစုံလှူဒါန်း

ပခုက္ကူ ဒီဇင်ဘာ ၄

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမေသည် ခရိုင်ရုံးဓာတ်ပုံကျွမ်းကျင်-၂ ဦးမင်းအောင်နှင့်အတူ ဒီဇင်ဘာ ၂ရက်က ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာအုပ်စု ဆွဲကြီးကျေးရွာ မျိုးဆက်ပန်း စာကြည့်တိုက်သို့ သွားရောက်၍ စာငှားစနစ်ကျင့်သုံးရေး ပြောကြားကာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာအုပ်နှင့်ဂျာနယ်မျိုးစုံကို ဦးစီးမှူး ဒေါ်ဝင်းမေက လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်တစ်ဦးက လက်ခံယူသည်။ (၀၇၀)

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲ ထန်းတပင်တွင် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြို့နယ်အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး လေဘေး၊ ရေဘေး၊ မြေငလျင်ဘေးနှင့် သဘာဝ ဘေးအန္တရာယ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦးက မြေငလျင်ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ကာကွယ်ရမည့် အချက်အလက်များနှင့် နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးဦးမြဟန်က မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်နည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ (၁၈၃)

လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက် (၇၅)နှစ်ပြည့်စစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကိုနိုဝင်ဘာ၂၈ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ (ဥက္ကဋ္ဌဗိုလ်မှူးတင်မြင့်)(ငြိမ်း)က အသက်(၇၅)နှစ်ပြည့်အဖွဲ့ဝင် ဗိုလ်ကြီးလှသွင်(ငြိမ်း)အား ဂုဏ်ပြုထောက်ပံ့ငွေချီးမြှင့်စဉ်။ (၁၂၈)

ကန်ကြီးထောင့်နှင့် ဒါးကမြို့တို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

ပန်းပျိုးလက်စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၅ရက် ည ၇နာရီက ကန်ကြီးထောင့်မြို့ မဟာသီရိမင်္ဂလာကျောင်းတိုက် ရွှေရတုကျောင်းဆောင်ခန်းမ၌လည်းကောင်း၊ ဒါးကမြို့ စေတနာရှင် တရားအလှူတော်အသင်းမှ ကျင်းပသော စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၆ရက် ည ၇နာရီက ဒါးကမြို့၌ လည်းကောင်း ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာချစ်ဦးညို၊ စာရေးဆရာဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း၊ ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရေးရာများ ဟောပြောကြသည်။**(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ဟောပြောပွဲတွင် ကန်ကြီးထောင့်မြို့နယ်ရှိ ကျေးရွာများ၌ တည်ထောင်ဖွင့်လှစ်ထားသော ပန်းပျိုးလက်စာကြည့်တိုက်ခွဲ လေးခုအတွက် မီးအိမ်ရှင်စာကြည့်တိုက်မှ ထုတ်ဝေဖြန့်ချိသော သုတရသ၊ ဓမ္မစာအုပ်များကို မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

အထက(၅)မြောက်ဥက္ကလာပအာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

မြောက်ဥက္ကလာပမြို့နယ် မူလအလက(၂) ယခုအထက(၅) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးသန်းဝင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သန္တာလမ်း (င)ရပ်ကွက်၊ ဦးသန်းလင်း စာတိုက်ကြေးနန်းရုံး ခေမာသီလမ်း၊ ဒေါ်သန်းသန်းဌေးနှင့် ဆရာမ ဒေါ်ကြူကြူဌေး ဖုန်း-၆၉၀၂၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်းရှိသူများအား နိုင်ငံသားကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးတင်အောင်ဝင်း ဦးဆောင်သော ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၉ရက်က အိုင်သပြုအထကကျောင်းတွင် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဟင်္သာတခရိုင်ဦးစီးဌာနမှူးဦးသန်းဝင်းက ကျောင်းအုပ်ကြီးအား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် လဝက)

ရေတာရှည်မြို့နယ်ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် စုပေါင်းလှူဒါန်း

ရေတာရှည် ဒီဇင်ဘာ ၄

ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူအဖြစ် ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက်နေ ပန်းကမ္ဘာစတိုးပိုင်ရှင် ဦးမြတ်ဟန်-ဒေါ်နုနုဆွေတို့၏နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ရက်က ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပရာ ပဒေသာပင်အတွက်အလှူငွေကျပ်နှစ်သိန်း၊အဘိုးရှစ်ဦးနှင့် အဘွား၂၃ဦးတို့အတွက် ဝတ်စုံနှင့် ယောဂီတဘက် ၃၁စုံ၊ ထိုနေ့အတွက် တစ်ရက်စာ ငွေကျပ် ၄၀၀၀၀လှူဒါန်းခဲ့ကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ဘိုးဘွားရိပ်သာ ဖွင့်လှစ်ခဲ့သည့် စက်တင်ဘာ ၁ရက် နောက်ပိုင်းတွင် အလှူငွေများကို ဆက်လက်လှူဒါန်းရာ စစ်ကိုင်းတိုင်း တံတားဦးမြို့နေ ဒေါက်တာဝင်းအောင်-ဒေါ်ခင်စန်းလွင် မိသားစုက ငွေကျပ်သုံးသိန်း၊ မန္တလေးမြို့နေ ဦးစိန်ဝင်း-(ဒေါ်အေးအေးသွင်)၊ သမီး မလဲ့ယုဝါ မိသားစုက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါက်တာယဉ်ယဉ်ကြည်၊ သားမောင်ဝေဖြိုးမြင့် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးအောင်ကျော်-ဒေါ်စောစောမာ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်-ဒေါ်အမာနှင့် ဦးမြင့်သိန်းထွန်း(ကျွန်းကုန်း)က ငွေကျပ်တစ်သိန်း၊ ဦးလှမင်း မိသားစု ရန်ကုန်မြို့က ငွေကျပ်တစ်သိန်းခွဲ၊ ဦးအောင်ချစ်အားရည်စုး၍ဇနီးဒေါ်စန်းစန်းရီ မိသားစုက ငွေကျပ်တစ်သိန်း၊ ရေတာရှည်မြို့နေ ဦးအောင်သန်း-ဒေါ်အတင်း မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ရေတာရှည်မြို့ အင်ကြင်းကုန်းကျေးရွာနေ ဦးမြဝင်း-ဒေါ်လှသန်းမိသားစုက ငွေကျပ်တစ်သိန်းခွဲ တို့ကို စုပေါင်းလှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီး

အစဉ်သတိပြု

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့်အဖွဲ့ နိုဝင်ဘာ ၇ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဆန်ဆိုင်း(ထက်)ရပ်ကွက် သဇင်(၃)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ် ၂ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ၂၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့်အင်ဂျင်နီယာမှူး ဦးကျုံးလျှန်ဖွိုင်းတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကောက်ရိတ်စက်ဖြင့် စပါးရိတ်သိမ်းမှု နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာ၌ လက်တွေ့ပြသ

နောင်ချို ဒီဇင်ဘာ ၄

ကျောက်မဲမြို့ အမှတ် ၉၆ ထွန်စက်စခန်းမှ ဦးစီးအရာရှိ(အုပ်ချုပ်ရေး) ဦးဝင်းမျိုးအောင်၊ နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဒေါ်နန်းလွင်လွင်စိန်တို့ ဦးဆောင်သောအဖွဲ့ ဒီဇင်ဘာ ၁၃ရက်က နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စု လယ်ကျင်းကွေ့ရွာရှိ ဦးအိုက်စိုင်းလယ်မြေ ၇ဒသမ ၀၀ ဧက၌ ကောက်ရိတ်စက်ဖြင့် စပါးရိတ်သိမ်းမှု လက်တွေ့ပြသ ပညာပေးဆွေးနွေးမှု ပြုလုပ်ခဲ့ရာ တောင်သူများ စိတ်ပါဝင်စားစွာ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၄

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် အလိုတော်ပြည့်ကျောင်းတိုက်(တာမွေ)၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူများဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၂၀၀၇-၂၀၀၈၊ ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူများနှင့်အတူ စာရင်းပေးသွင်းနိုင်ကြပြီး အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများ၏ မိသားစုဝင်များသည် ဦးလှထွန်းစိန် ဖုန်း-၅၆၁၂၄၈၊ ဦးလှထွီးအောင် ဖုန်း-၅၃၈၄၅၉၊ ဦးအောင်စံကျော် ဖုန်း-၆၅၁၀၇၂နှင့် ဦးသန်းနိုင် ဖုန်း-၆၆၄၈၃၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဘုတလင်၌ ရှင်းလင်းဆွေးနွေး

ဘုတလင် နိုဝင်ဘာ ၃၀

မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်က ဘုတလင်မြို့နယ် ရေဘုတလင်ကျေးရွာ အုပ်စုအတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာငှားစနစ် မှန်ကန်စွာကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်က ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမောင်မောင်အေး၊ ရပ်ကွက်အရန်မီးသတ်တပ်ခွဲမှူး ဦးရဲထွဋ်နှင့် အဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးသုံးစွဲမှုများကို စစ်ဆေးကြစဉ်။ (၁၁၇)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား တမူး၌ကျင်းပ

တမူး ဒီဇင်ဘာ ၂

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခေတ္တခရိုင်ကျန်းမာရေးဦးစီးဌာနမှူး အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး ခေတ္တခရိုင်ကျန်းမာရေးဦးစီးဌာနမှူး အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်ထွေးက အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် ၂၀၀၉ ခုနှစ် World AIDS Day အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးပညာပေးပြခန်းများကို ကြည့်ရှုလေ့လာကြသည်။ (ခရိုင် ပြန်/ဆက်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ခမောက်ကြီးမြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနေ့ တီးတိန်၌ကျင်းပ

တီးတိန် ဒီဇင်ဘာ ၁

တီးတိန်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်းပြီး နိုဝင်ဘာ ၂၁ရက်က နှစ် (၂၀) ပြည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို တီးတိန်မြို့ တီတီစီခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ယူနီဆက်ဖ်ဒေသကွင်းဆင်းရေးအရာရှိ ဦးပြောင်ဆွမ်းမုန်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်း ဒုတိယကျောင်းအုပ် ဒေါ်နိုတ်ကိမ်းလျန်းတို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအကြောင်းများ ဆွေးနွေးကြသည်။ ထို့နောက် မြို့ပေါ်အခြေခံပညာကျောင်းကိုးကျောင်းမှ ယှဉ်ပြိုင်ကြသော စာစီစာကုံး၊ ပန်းချီနှင့်အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံလူမှုဝန်ထမ်း သင်တန်းဆင်းပွဲ မြင်းမူ၌ကျင်းပ

မြင်းမူ နိုဝင်ဘာ ၃၀

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စစ်ကိုင်းတိုင်း လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလူမှုဝန်ထမ်းသင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်ရုံးရှေ့ပြည်သစ်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်သောင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံမြင့်က သင်တန်းဆင်း အမှာစကားပြောကြားကာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ကြောင်းသိရသည်။ **(ဝ၃၅)**

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြဘာလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမှတ်(ဘီ-၆) ရေနံမိသားစုလိုင်း ဗိုလ်တထောင်မြို့နယ်နေ ဦးမောင်တင့်-ဒေါ်အုန်းမြတို့အားရည်စူး၍ ဦးမောင်ကြီး-ဒေါ်အိမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းက လက်ခံယူစဉ်။ (၁၀၅)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၂

ဒေါ်အေးအေးသက်	**နှင့်**	၁။ ဦးတင်ညွန့်
(၄င်း၏ကိုယ်စားလှယ်-ဦးတင်ထွန်း)		၂။ ဒေါ်လှမြင့်(ခ)ဒေါ်နန်းမွေ
တရားလို		**တရားပြိုင်များ**

တရားပြိုင် (၂) ဒေါ်လှမြင့် (ခ) ဒေါ်နန်းမွေ အမှတ်-၂၅/စီ၊ သီရိမင်္ဂလာလမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း (ယခင်နေရပ်လိပ်စာ၊ ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်အေးအေးသက် (၄င်း၏ကိုယ်စားလှယ် ဦးတင်ထွန်း)က အမှတ်-၃၂၊ ဒုတိယထပ်၊ သုံးလွှာ၊ ခြေရင်းခန်း၊ သမိန်ဗရမ်းလမ်း၊ ငွေးကြွယ် (က) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဟု ခေါ်တွင်သော တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှု စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၁ ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေထွန်း
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းခရိုင်တရားရုံး

၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၅

ခရိုင်မန်နေဂျာ	**နှင့်**	ဒေါ်တင်ကြည်
မြန်မာ့စီးပွားရေးဘဏ်		
ရမည်းသင်းမြို့။		
တရားနိုင်		**တရားရှုံး**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၄တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ပြာသိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ပျော်ဘွယ်မြို့၊ ကျီးရိုးရွာ၊ အကွက်အမှတ်(၂၈၂) ဦးပိုင်အမှတ် (၇၀၆/၁၈၀၂)၊ မြေချိန်ဧရိယာ ဝ.၁၁ဧကရှိမြေ။

၂။ ယင်းမြေပေါ်ရှိ (၂၆×၂၆×၁၈)ပေ သွပ်မိုး၊ အောက်အုတ်ပတ်ကား၊ အပေါ်လျှာထိုးခင်း၊ အောက်သမံတလင်းခင်းနှစ်ထပ်တိုက်၊ (၁၅×၁၀×၈)ပေ သွပ်မိုး နံကပ် မီးဖိုချောင်။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၁၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကြည်သိန်း (တ/၁၅၆၉)
ဒုတိယခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ -၆၆)

နေပြည်တော်ခရိုင်တရားရုံး

၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၁၄

မန်နေဂျာ		
မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဒေါ်ကြူ
နေပြည်တော်တပ်ကုန်းမြို့။		၂။ ဦးညီ
တရားနိုင်		**တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၀ တွင်ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၇၁ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

နေပြည်တော်တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်ရှိ အကွက်အမှတ် ၂၁ ၊ဦးပိုင်အမှတ် (၆၈က)၊မြေကွက်အမှတ် ၂၁၊ မြေချိန်ဧရိယာ ဝ.၁၆၇ ဧကရှိမြေ၊ယင်းမြေပေါ်ရှိ (၂၇×၁၈×၂၀)ပေ သွပ်မိုး၊နှစ်ထပ်နံကပ်တိုက် ၊(၅×၅×၂) ပေအုတ်ရေကန်တစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၉၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှဝင်း
ဒုတိယခရိုင်တရားသူကြီး
နေပြည်တော်ခရိုင်တရားရုံး။

ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးအားဖူဆန် ၁၃/တကန(နိုင်)ဝ၀၁၆၄၃မှ ပိုင်ဆိုင်သော တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၅)၊ အပိုင်း(၁)၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်(၄)ရှိ မြေကွက်ကို ၂၀၀၂ခုနှစ်တွင် ဦးဇော်ဝင်း NYHE-၁၃၈၇၆ထံမှ ဝယ်ယူခဲ့ပါသည်။ ယခုလက်ရှိ ကျွန်ုပ်ပိုင်ဆိုင်သော ဤမြေကွက် အရောင်းအဝယ်စာချုပ်မူရင်းသည် မည်သူ့ကိုမျှ အပ်နှံထားခြင်း၊ ပေါင်နှံထားခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ တရားဝင်အသိပေးပြီး ဖြစ်ပါသည်။ ထို့ကြောင့် မြေဂရန်လျှောက်ထားရန် စာချုပ်မူရင်းပြုလုပ်လိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးအားဖူဆန် ၁၃/တကန(နိုင်)ဝ၀၁၆၄၃။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေနိုင်ငံသစ်ဆီသို့ မျှော်ရည်၊ ရသစုံညီ
ရွှေ FM က လေလှိုင်းကြားမှ ဖျော်ဖြေတင်ဆက်ပြီ

နေပြည်တော် ဒီဇင်ဘာ ၄

ကျွန်တော်တို့ ငယ်စဉ်ကာလက ယခု မျက်မှောက်ခေတ်ကာလကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်များ စုံလင်စွာ မရှိသေး။ ရေဒီယိုနှင့် စာအုပ် စာတမ်းတို့ကိုသာ မက်မက်စက်စက် ခုံမင်စွဲလမ်းစွာ အဖော်ပြုရင်း ငယ်စဉ်ဘဝကို ဖြတ်သန်းခဲ့ရ၏။ အထူးသဖြင့် ရေဒီယိုအသံလွှင့်ဖျော်ဖြေမှုကား ငယ်ကကျွမ်းခဲ့ရသည့် ငယ်ကျွမ်းဆွေပင်....။

စာမျက်နှာ ၉ ကော်လံ ၄ ●

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
မောင်မောင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရွှေ FM အစီအစဉ်များ ထုတ်လွှင့်နေစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လက်ကိုင်ဖုန်း အသုံးပြုခြင်းနှင့် ဦးနှောက်ကင်ဆာဖြစ်ပွားမှု ဆက်စပ်ခြင်းမရှိဟုဆို

လက်ကိုင်ဖုန်းကို အသုံးပြုခြင်းသည် ဦးနှောက်ကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်ခြင်းမရှိကြောင်း ဒိန်းမတ် ဆေးသိပ္ပံပညာရှင်များ၏ လက်တွေ့သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❐

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်

နေပြည်တော်
ဒီဇင်ဘာ ၄

လွိုင်လင်မြို့	၁ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆ ဒီဂရီစင်တီဂရိတ်